# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၄၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။


၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

**(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေး ညီအစ်မမြို့များတည်ထောင်၍ မြို့နှစ်မြို့သာမက နှစ်နိုင်ငံ ကဏ္ဍစုံ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ယနေ့ ဖတ် စ ရာ


ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ — ထုတ်ပြန်ချက် စာ ၄

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ — ထုတ်ပြန်ချက် စာ ၆

မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကိုကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့(၁) — ဆောင်းပါး စာ ၈

အရည်အသွေးဆိုင်ရာချိုးဖောက်မှုများကြောင့် အမေရိကန် လေကြောင်းအေဂျင်စီက ဘိုးအင်းကုမ္ပဏီကို ဒေါ်လာ ၃ ဒသမ ၁ သန်း ဒဏ်ငွေရိုက်မည် — နိုင်ငံတကာသတင်း စာ ၁၄

# သက်ရှိတို့အတွက် အရေးပါသည့် အိုဇုန်းလွှာကာကွယ်

လူနှင့်သက်ရှိတို့ရှင်သန်နေထိုင်ရာ မြေကမ္ဘာ၏ အထက်ကောင်းကင်ယံ ဒုတိယအလွှာတွင် အိုဇုန်းဟုခေါ်သော အပြာရောင်ဖျော့ဖျော့နှင့် စူးရှရှအနံ့ရှိသည့် ဓာတ်ငွေ့အလွှာတစ်လွှာရှိသည်။ အမြင့်ပိုင်းတွင်ရှိနေသည့် ထိုဓာတ်ငွေ့အလွှာသည် လူ၊ သတ္တဝါနှင့် သစ်ပင်တို့အတွက် ကောင်းကျိုးပြုနိုင်ခြင်းကြောင့် အကျိုးပြုအိုဇုန်းဟု ဆိုရမည်ဖြစ်သော်လည်း လေထုအနိမ့်ပိုင်း၌ ရှိနေသည့် အိုဇုန်းမှာမူ လေထုညစ်ညမ်းမှုကို ဖြစ်စေခြင်းကြောင့် အကျိုးမပြုအိုဇုန်းဖြစ်သည်။

လေထုအထက်ပိုင်းရှိ အကျိုးပြုအိုဇုန်းသည် အလွှာပါးပါးကလေးအဖြစ်သာ တည်ရှိနေခြင်းဖြစ်ပြီး နေရောင်ခြည်တွင်ပါလာသော ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိအားလုံးကို အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်အများစုကို စုပ်ယူထားပြီး ကာကွယ်ပေးနေခြင်းဖြစ်သည်။ နေရောင်ခြည်သည် ခရမ်းလွန်ရောင်ခြည် UV – C (လှိုင်းအလျား ၁၀၀ မှ ၂၈၀ နာနိမီတာ)၊ UV–B (လှိုင်းအလျား ၂၈၀ မှ ၃၁၅ နာနိမီတာ)နှင့် UV–A (လှိုင်းအလျား ၃၁၅ မှ ၄၀၀ နာနိမီတာ) တို့ကို ထုတ်လွှတ်လျက်ရှိရာ ကမ္ဘာမြေပြင်အထက် အမြင့် ၁၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာကြားရှိ စထရာတိုစဖီးယားအလွှာတွင် တည်ရှိသော အိုဇုန်းလွှာက သက်ရှိများအတွက် အန္တရာယ်ဖြစ်ပေါ်စေသည့် UV – C ကို ၁၀၀ ရာခိုင်နှုန်း၊ UV – B ကို ၉၅ ရာခိုင်နှုန်းအထိ စုပ်ယူထားလိုက်ခြင်းဖြစ်ပြီး ကျန်သည့်ပမာဏအနည်းငယ်သာ ကမ္ဘာသို့ ကျရောက်လာခြင်းဖြစ်သည်။

လူနှင့်သက်ရှိတို့အတွက် အရေးပါသည့်အိုဇုန်းလွှာ ပျက်စီးမှုဖြစ်ပေါ်နေကြောင်းကို သိပ္ပံပညာရှင်များက လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က စတင်တွေ့ရှိခဲ့ကြပြီး ယင်းသို့ဖြစ်ပေါ်ခြင်းသည် လူတို့သုံးစွဲနေကြသည့် ဓာတုပစ္စည်းများကြောင့် ဖြစ်သည်ဟုလည်း သိရှိခဲ့ကြသည်။ လူတို့၏ နေ့စဉ်နေထိုင်မှုဘဝတွင် အသုံးပြုနေကြသည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စသည်တို့တွင် အသုံးပြုသော ကလိုရင်းပါဝင်သည့် ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန်၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအချို့တွင် ပါဝင်သည့် ဘရိုမင်း စသည်တို့အပါအဝင် အိုဇုန်းလွှာပျက်စီးစေတတ်သော ဒြပ်ပစ္စည်းများ (Ozone Depleting Substance – ODS) သုံးစွဲမှုများပြားလာခြင်းကြောင့် စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းမော်လီကျူးများနှင့် ဓာတ်ပြုပျက်စီးစေခြင်းဖြင့် အိုဇုန်းလွှာပါးလွှာမှု၊ ပေါက်ပြဲမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်ပေါ်စေသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC)အစား ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ကို အစားထိုးသုံးစွဲရာတွင်လည်း ၎င်းတို့မှာ မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များဖြစ်သည့်အတွက် ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေရန် တွန်းအားပေးမှုဖြစ်ပေါ်စေသည်။ အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရေးသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ရာ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း ၁၉၈၅၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် ၁၉၈၇၊ လန်ဒန်ပြင်ဆင်ချက် ၁၉၉၀၊ ကိုပင်ဟေဂင်ပြင်ဆင်ချက် ၁၉၉၂၊ မွန်ထရီယယ် ပြင်ဆင်ချက် ၁၉၉၇၊ ပေကျင်းပြင်ဆင်ချက် ၁၉၉၉ နှင့် ကီဂါလီပြင်ဆင်ချက် ၂၀၁၆ တို့ကို ချမှတ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ (၄၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးကြသည့်စက်တင်ဘာ ၁၆ ရက်ကို အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အဖြစ် ပြောင်းလဲသတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိသည်။

မိမိတို့ပြည်သူတစ်ဦးချင်းအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ပါဝင်သောပစ္စည်းများကို မသုံးစွဲခြင်း၊ အိုဇုန်းလွှာမထိခိုက်စေသည့် အစားထိုးပစ္စည်းများကို သုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်းနည်းလမ်းများဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးတွင် လူတိုင်းပါဝင်ကြရပါမည့်အကြောင်း။ ။



**၁၄ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၉ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၀၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၆၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၀၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၈၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၈၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၈၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဟန်လင်းအောင် | သတင်းထောက်မှူး | – ခင်ရတနာ |
| စာတည်းမှူး | – မြင့်စိုး | အကြီးတန်း | – ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | – ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စမာကျား၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr. Wang Weiping နှင့် တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဒေါက်တာဇော်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးက နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာရှိ Chinese Hibiscus Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လားရှိုး၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ အသိပညာပေးပြီး လက်တွေ့စမ်းသပ်မဲပေး

**လားရှိုး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။



**အသိပညာပေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးသိန်းဇော်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

**လက်တွေ့စမ်းသပ်မဲပေး**

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၀၃ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ လွှတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ ကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆) နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉) နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၅၆ ) နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

**(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်** | |
| ( ၁ ) | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| ( ၄ ) | အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်** | |
| ( ၅ ) | ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| ( ၆ ) | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်** | |
| ( ၈ ) | ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | မတူပီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| (၁၂) | ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီး** | |
| (၂၂) | ဆောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီး** | |
| (၂၇) | နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်** | |
| (၃၀) | ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

| | | |
|---|---|---|
| (၅၀) | ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

**( ခ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၉ ) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၁ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | ဖားဆောင်းမြို့နယ်။ |
| ( ၂ ) | မဲဆန္ဒနယ်အမှတ် ( ၆ ) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၃ ) | မဲဆန္ဒနယ်အမှတ် ( ၂ ) | ပလက်ဝခရိုင်တစ်ခုလုံး။ |
| ( ၄ ) | မဲဆန္ဒနယ်အမှတ် ( ၄ ) | မတူပီခရိုင်တစ်ခုလုံး။ |
| ( ၅ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | မင်းတပ်ခရိုင်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၆ ) | မဲဆန္ဒနယ်အမှတ် ( ၄ ) | မောင်တောခရိုင်တစ်ခုလုံး။ |
| ( ၇ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | မြောက်ဦးခရိုင်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၈ ) | မဲဆန္ဒနယ်အမှတ် ( ၄ ) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |
| ( ၉ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |

**( ဂ ) ရွေးကောက်ပွဲများကျင်းပခြင်း မပြုမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် (၅၆) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၁ ) | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| ( ၄ ) | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၅ ) | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| ( ၆ ) | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| ( ၈ ) | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၁၂) | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၂၂) | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅ ) | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆ ) | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၂၇) | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၃၀) | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၄ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၇/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်(၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်(၅၆)နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၁၄ - ၉ - ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၃ /၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ် ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် |
| ( ခ ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် |
| ( ဂ ) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင် အစားထိုး ပြန်လည် တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံးနေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ စက်တင်ဘာလ ၂၂ ရက်အထိ |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် |
| ( င ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အရှေ့ရပ်ကွက် ရတနာကောသ ဘုရားရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါဘုရားဝင်း အတွင်းရှိ ဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၂၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ည ၉ နာရီ ၂၆ မိနစ် ၄၆ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆောမြို့၏ တောင်-အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၈၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၇ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုး/ဇလက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

## ဝေါမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်း ကျင်းပ

**ဝေါ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၀ ရက်က အခြေခံပညာအလယ်တန်းကျောင်း (လေးအိမ်စု) ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသိန်းက အမှာစကား ပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က ပေါင်းစပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အလက (လေးအိမ်စု)ကျောင်းမှ Grade(6) ကျောင်းသူ မောင်သီရိပြည့်စုံ၊ Grade(7)ကျောင်းသား မောင်စွမ်းထက်နိုင်၊ Grade(8) ကျောင်းသူ မယဉ်သကိုမေ၊ Grade (6) ကျောင်းသား မောင်ရှိုင်းခေတ်ဇော်၊ Grade(7) ကျောင်းသူ မချွန်းလွဲဝေ၊ Grade(8) ကျောင်းသူ မခွန်းဆင့်နွယ်၊Grade(8) ကျောင်းသူ မမီမီထွန်းတို့က မိမိစွမ်းဆောင်ရည်ကို မြှင့်တင်ပါခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနံရံကပ်၊ ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာ ဗဟုသုတစာအုပ်စာစောင်များနှင့် လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု မှတ်သားကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေပြည်တော် လယ်ဝေးမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် ခုတင်-၁၀၀ ဆေးရုံတွင် စက်တင်ဘာ ၁၃ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ လယ်ဝေးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အေးကျော်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့်က ခုတင် - ၁၀၀ ဆေးရုံဝင်းအတွင်းရှိ အမှိုက်များ၊ ပေါင်းမြက်များ၊ ချုံနွယ်များ၊ သစ်ကိုင်းများကိုရှင်းလင်း၍ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်သာမက နောင်တွင်ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအထိ အောင်မြင်မှုများရရှိအောင် မျှော်မှန်းကြိုးစား



**ရန်ကုန် စက်တင်ဘာ ၁၄**

ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် လေ့ကျင့်ရမည့် ကွင်းအနေအထား၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည့် ကွင်းအနေအထားတို့ကို ကြိုတင်လေ့လာထားစေလိုကြောင်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်သာမက နောင်တွင်ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအထိ အောင်မြင်မှုများရရှိအောင် မျှော်မှန်းကြိုးစားစေလိုကြောင်း၊ ယခုပြိုင်ပွဲအတွက် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံး အထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုတင်ပေါင်းစပ်ဆောင်ရွက်ထားစေလိုကြောင်း၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားသို့ အားကစားနည်းများအားလုံး စုံစုံလင်လင် တက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲထားရှိမှု၊ ပြိုင်ပွဲသို့ သွားရောက်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများ၏ အင်အားစာရင်း၊ ဒိုင်လူကြီး တာဝန်ထမ်းဆောင်မှု၊ ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) သွားရောက်ခဲ့မှု၊ မျှော်မှန်းထားသည့် ဆုတံဆိပ်ရရှိမှု၊ မိမိအစီအစဉ်ဖြင့် သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ သွားလာနေထိုင်ရေးနှင့် လေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အလျင်လို ကျေးရွာအမှတ်(၃၄) အခြေခံပညာ မူလတန်းလွန်ကျောင်း ရှေ့မျက်နှာစာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး **(အောက်ဝဲပုံ)** တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ရေတမာ၊ ခရေ စသည့် ပျိုးပင်များအား အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။



ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် မိုင်တိုင်(၁၉၄/၆)အနီး Big Myanmar Co.,Ltd. ၏ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ) အပင် ၈၀၀ စိုက်ပျိုးထားရှိမှု၊ စိန်တစ်လုံး သရက်ပင် စိုက်ပျိုးထားရှိမှုနှင့် သရက်ရွက် အစို၊ အခြောက်၊ EM နှင့် သဘာဝစွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး သဘာဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်နှင့်အညီ ဆောင်ရွက်ကြရေးဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိ စက်မှုဇုန် Lucky Bag & Swallaw Plastic Trading Co.,Ltd. ၌ ဆိုလာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုပြီး ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်အတွင်း ဆိုလာစနစ်ဖြင့် စက်ရုံလည်ပတ်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုလာစနစ်ဖြင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့် စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

**အားလုံးပူးပေါင်းပါဝင်**

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ၊ လျှပ်စစ်နှင့် စပ်ဆက်ပစ္စည်းများ၊ လယ်ယာသုံး စက်ပစ္စည်းများ စနစ်တကျ ထုတ်လုပ်ရေး၊ စက်ရုံများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ ရောက်ရှိအောင် အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား (၁၀) မြို့နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၄**

၂၀၂၅ ခုနှစ် မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား (၁၀) မြို့နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲအားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဘီးလင်းမြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ကျိုက်မရောမြို့နယ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျိုက်မရောမြို့နယ် အမျိုးသမီးအသင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆု ရရှိကြသူများနှင့် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသည့် အသင်းများကို တံခွန်စိုက်ဒိုင်းဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက ပြိုင်ပွဲကျင်းပခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ဝန်ကြီးချုပ်က အမျိုးသား၊ အမျိုးသမီး မဟာဂီတ၊ အခြေခံပညာ အသက် (၁၀နှစ်မှ- ၁၅နှစ်) နှင့် (၁၅ နှစ်မှ-၂၀နှစ်) အဆိုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အခြေခံပညာ အသက် (၁၀နှစ်မှ- ၁၅နှစ်) အမျိုးသား၊ အမျိုးသမီးခေတ်ဟောင်းကာလပေါ်တေးသီချင်းများ ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များက အဆို၊ အက၊ အတီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များနှင့် မွန်တိုင်းရင်းသားရိုးရာ ယိမ်းအကပြိုင်ပွဲဝင်အဖွဲ့များထံ ဂုဏ်ပြုပန်းခြင်းနှင့် အဖွဲ့ခေါင်းဆောင်ထံ အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကိုကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၁)

**ကောင်းပြည့်**

**❑ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စသောအစမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်**

### ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အရေးပေါ် အခြေအနေ ဘာကြောင့်ပေါ်ပေါက်ခဲ့သလဲ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ပွားခဲ့တဲ့ မဲမသမာမှုဖြစ်နိုင်တဲ့ စာရင်း ၁၀၄၈၂၁၁၆ (သန်းတစ်ဆယ့်လေးသိန်းကျော်) ပြဿနာကို ထိုစဉ်က ခန့်အပ်ထားတဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခဲ့တာကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကန့်ကွက်ဆန္ဒပြမှုတွေ၊ ပါတီတွေက ဖြေရှင်းပေးဖို့ တောင်းဆိုမှုတွေ ဖြစ်ပွားပြီး နိုင်ငံရေးအရ တည်ငြိမ်မှုမရှိတဲ့ အခြေအနေဖြစ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မဲမသမာမှုတွေကို ဖြေရှင်းနိုင်ဖို့နဲ့ ဒုတိယအကြိမ် လွှတ်တော်မှာ မပြီးပြတ်သေးတဲ့ ကိစ္စရပ်တွေ ဆွေးနွေးနိုင်ဖို့ အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဥပဒေ ပုဒ်မ ၈၄ အရ ဥပဒေနဲ့အညီ တောင်းဆိုတာကို ငြင်းပယ်ခဲ့တာကြောင့် ဥပဒေပြုရေးမဏ္ဍိုင် ယိမ်းယိုင်ခဲ့ကာ အငြင်းပွားမှုတွေက တစ်ဆင့် တည်ငြိမ်မှု ပျက်ပြားခဲ့ရပါတယ်။

ဒ့ါအပြင် အဲဒီအချိန်က တာဝန်ရှိသူအဆင့်ဆင့်နဲ့ အဖွဲ့အစည်းတွေက တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြုလုပ်မယ့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး၊ ပထမနေ့အစီအစဉ်မှာ သဘာပတိက သစ္စာပြုခြင်းအစီအစဉ်သာမကဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်မှုအစီအစဉ် အပါအဝင် အစီအစဉ် ၁၅ ရပ်နဲ့ ဆောင်ရွက်စီစဉ်ထားပြီး လွှတ်တော်ကို အတင်းအဓမ္မခေါ်ယူအာဏာရယူဖို့ ကြံစည်မှုဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၄၀(ဂ) နဲ့ ပုဒ်မ - ၄၁၇ ပါ **"နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း"** ကို ကြံစည်ကြိုးပမ်းရယူဖို့ ဆောင်ရွက်ခဲ့တာဖြစ်လို့ နိုင်ငံတော် အရေးပေါ်အခြေအနေ ပေါ်ပေါက်ခဲ့ရပါတယ်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ၄၁၇ က မည်သို့ဆိုထားပါသနည်း

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) မှာ **"နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စသောအဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်"** ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

ဒ့ါအပြင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း တွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်" လို့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ မှာ ပြဋ္ဌာန်းထားပါတယ်။

**❝ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်❞**

### တပ်မတော်က ရွေးကောက်ပွဲကိစ္စ ဘာကြောင့် ပါရတာလဲ

တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"၊ ပုဒ်မ-၆ (ဃ) နဲ့ ပုဒ်မ-၇ တို့အရ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"၊ ပုဒ်မ-၆(စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်" ပုဒ်မ-၂၀(စ) အရ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်" လို့ ပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ပါဝင်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

### ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုအမှန်တကယ် ဖြစ်ခဲ့သလား

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့တဲ့ မြို့နယ် ၃၁၅ မြို့နယ်မှ ဆန္ဒမဲလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာမြို့နယ်ရှိ တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းတွေ ဆောင်ရွက်ခဲ့တဲ့အခါ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄၆၄၈၂၇၀ (၄ ဒသမ ၆ သန်းကျော်) အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူ ၁၄၄၁၂ ဦး၊ အသက် ၁၀၀ နဲ့အထက် မဲပေးခဲ့သူ ၂၀၅၆၆ ဦး၊ ၂ ကြိမ်နဲ့ ၃ ကြိမ်အထက် မဲပေးခဲ့သူ ၃၈၉၁၆၁၁ ဦး အပါအဝင် မဲမသမာမှု စုစုပေါင်း ၁၁၃၀၅၃၉၀ (၁၁ သန်း ၃ သိန်းကျော်) ရှိတာကို အမှန်တကယ်တွေ့ရှိခဲ့ရပါတယ်။

### ယခင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများမှာကော ပြဿနာတွေ ရှိခဲ့ဖူးသလား

မြန်မာနိုင်ငံမှာပါတီစုံဒီမိုကရေစီစနစ်ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ် ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ပြည့်နှစ်မှာ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်မှာ မြို့နယ်ပေါင်း ၃၂၃ မြို့နယ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲတွေမှာ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုအချို့ရှိခဲ့ပေမယ့် ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်ပဲ ကျင်းပခဲ့တာမို့ ရွေးကောက်ပွဲတွေအနက် မြို့နယ်အနည်းဆုံးဖြစ်ပြီး မကျေနပ်မှု အများဆုံးဖြစ်ပေါ်စေခဲ့ပါတယ်။

### အထွေထွေရွေးကောက်ပွဲက ဘယ်လောက်အရေးကြီးလဲ

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို ၅ နှစ်တစ်ကြိမ် ပြုလုပ်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို တစ်ပြိုင်တည်းရွေးချယ်တဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုလွှတ်တော်ကျင်းပပြီး နိုင်ငံတော် ဒုတိယသမ္မတသုံးဦးကို ရွေးချယ်ရပါတယ်။ အဲဒီအထဲကမှ နိုင်ငံတော် သမ္မတကို ရွေးချယ်ရပြီး သမ္မတက အစိုးရအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းရပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင် စတဲ့မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ အကြီးအကဲတွေ၊ ပါဝင်ကြသူတွေဟာ ရွေးကောက်ပွဲကနေတစ်ဆင့် တိုက်ရိုက်/သွယ်ဝိုက် ရွေးချယ်/တာဝန်ပေးခံရသူတွေဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ မြန်မာ့ဒီမိုကရေစီစနစ်၊ နိုင်ငံရေးစနစ်ရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက်အရေးကြီးတဲ့ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ ငြင်းပယ်လို့ မရနိုင်ပါဘူး။

### တပ်မတော်အနေဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ မပေါ်ပေါက်စေရန် ကြိုးစားခဲ့ပါသလား

တပ်မတော်အနေနဲ့ နိုင်ငံတော်အရေးပေါ် အခြေအနေ မပေါ်ပေါက်စေဖို့ ကြိုးစားခဲ့ပါတယ်။ လုပ်ဆောင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာလျက် လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ ဥပဒေပြဋ္ဌာန်းချက်တွေကို မကျော်လွန်စေဘဲ

(က) သဘောထားထုတ်ပြန်ချက် ၆ ကြိမ် ထုတ်ပြန်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးဖို့ လုပ်ဆောင်ခြင်း၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးဖို့ ငြင်းဆန်တဲ့အခါ ပြည်ထောင်စု လွှတ်တော်ကတစ်ဆင့် ဖြေရှင်းပေးနိုင်ဖို့ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးခေါ်ယူဖို့ ငြင်းဆန်တဲ့အခါ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေတွေကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စု လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာ ဖြေရှင်းပေးဖို့ တောင်းဆိုခြင်း၊

(ဃ) ၎င်းအဆင့်အားလုံး ငြင်းပယ်ခံရတဲ့အခါ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ အဓိကတာဝန်ရှိတဲ့ သမ္မတဦးစီးတဲ့ အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ အဓိကတာဝန်ရှိတဲ့ သမ္မတဦးစီးတဲ့ အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တွေ့ဆုံဆွေးနွေးဖို့ ၂ ကြိမ် တင်ပြခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။

### တပ်မတော်အပြင် အခြားအဖွဲ့အစည်းများက ကန့်ကွက်မှုများရောရှိခဲ့ပါသလား

ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ နိုင်ငံရေးပါတီ ၂၀ က ကြေညာချက် ၂၆ စောင် ထုတ်ပြန်ပြီး ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်တဲ့ စာရင်းကို

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ရှင်းလင်းပြီးစီးမှုမပြီးမချင်း တတိယအကြိမ်လွှတ်တော်ကိုဆိုင်းငံ့ထားဖို့ တောင်းဆိုခဲ့ကြပါတယ်။ အဲဒီအချိန်က တာဝန်ယူတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီးလည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ကနေ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်မှာ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ် ပြုလုပ်ခဲ့တာကို တွေ့ရှိရပါတယ်။

**တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ဘာကြောင့်ငြင်းပယ်ရပါသလဲ**

ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဲဒီအချိန်က တာဝန်ရှိတဲ့ NLD အစိုးရနဲ့ တာဝန်ပေးထားသူတွေက ရှင်းလင်းသင့်တဲ့ ပြဿနာတွေကို မရှင်းလင်းတဲ့အပြင် အထောက်အထားမဲ့ ငြင်းဆိုခဲ့ပါတယ်။ တာဝန်ရှိသူအဆင့်ဆင့်က သက်ဆိုင်သူတွေအနေနဲ့ မဲမသမာမှု မလုပ်ခဲ့၊ မရှိခဲ့ပါက တပ်မတော်က ထုတ်ပြန်တဲ့ မဲမသမာမှု အထောက်အထားနဲ့ စာရင်းကို မမှန်ကန်ကြောင်း လုပ်ထုံးလုပ်နည်းနဲ့အညီ သက်သေပြရမှာဖြစ်ပါတယ်။

ဒီလိုပြနိုင်ဖို့ မဲစာရင်းတွေကို စစ်ဆေးရမယ်။ ဒါပေမယ့် မလုပ်ခဲ့ပါ။ တပ်မတော်အနေနဲ့ မဲစာရင်းနဲ့ပတ်သက်လို့ တွေ့ရှိတဲ့အချက်အလက်နဲ့ ပကတိအခြေအနေတွေအပေါ် မူတည်ပြီး မဲမသမာမှုစာရင်းကို ခိုင်ခိုင်မာမာပွင့်လင်းမြင်သာစွာ ဖော်ပြခဲ့ပါတယ်။ သူတို့အနေနဲ့ တပ်မတော်ထုတ်ပြန်တာတွေ မှားကြောင်း၊ သူတို့သာ မှန်ကြောင်း သက်သေမပြခဲ့ပါဘူး။ ဒါ့အပြင် တရားဝင် စစ်ဆေးစိစစ်ချက် သက်သေတွေ ထွက်လာရင် မဲမသမာမှုတွေကြောင့် မဲမသမာမှုပြုလုပ်ခဲ့တဲ့ ပါတီအနေနဲ့ ပြည်တွင်းသာမက နိုင်ငံတကာနိုင်ငံရေးနယ်ပယ်မှာ၊ နိုင်ငံရေးမှာ သေသွားမှာကို သိရှိတဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ မျက်စိစုံမှိတ်ငြင်းပယ်ခဲ့ခြင်းသာဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။

> **“နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်”၊ ပုဒ်မ-၆ (ဃ)နဲ့ ပုဒ်မ-၇ တို့အရ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး”၊ ပုဒ်မ-၆(စ) အရ “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်” ပုဒ်မ-၂၀(စ) အရ “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်”**

**နိုင်ငံတော်တာဝန်ကို မည်သို့လွှဲအပ်တာဝန်ပေး ထမ်းဆောင်စေခဲ့ပါသလဲ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ပွားခဲ့တဲ့ မဲမသမာမှုပြဿနာကို မှန်ကန်စွာ ဖြေရှင်းပေးခြင်းမပြုခဲ့၊ တာဝန်ရှိသူအဆင့်ဆင့်နဲ့ အဖွဲ့အစည်းတွေက တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခဲ့ဘဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာပြုလုပ်မယ့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး၊ ပထမနေ့အစီအစဉ်မှာ သဘာပတိက သစ္စာပြုခြင်းအစီအစဉ်သာမကဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုခြင်းနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်မှု အစီအစဉ်အပါအဝင် အစီအစဉ် ၁၅ ရပ်နဲ့ ဆောင်ရွက်ဖို့ လွှတ်တော်ကို အတင်းအဓမ္မခေါ်ယူအာဏာရယူဖို့ ကြံစည်မှုဟာ ပုဒ်မ-၄၀(ဂ)နဲ့ ပုဒ်မ – ၄၁၇ ပါ **“နိုင်ငံတော် အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း”** ကို ကြံစည်ကြိုးပမ်းမှုမြောက်လို့ ဆောင်ရွက်ခဲ့ရခြင်းပဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၂၊ ၆၃၊ ၆၄ တို့အရ ဦးဝင်းမြင့်ဟာ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်နေခြင်း၊ ပါတီတာဝန်ထမ်းဆောင်နေခြင်း၊ ဥပဒေအရ အမှုဖွင့်အရေးယူ ခံထားရခြင်းတို့ကြောင့် သမ္မတအဖြစ် ရပ်တည်ပိုင်ခွင့်မရှိပါ။ ဒါကြောင့် မဲမသမာမှုဖြစ်စဉ်အပေါ် ဥပဒေနဲ့အညီ ဖြေရှင်းဖို့ လိုအပ်တဲ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို အရေးပေါ်ခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၄၁၇ အရ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးကို တက်ရောက်လာတဲ့ အကြီးအကဲတွေရဲ့ သဘောတူညီမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးအပ်ပြီး ထမ်းဆောင်စေခဲ့ခြင်းသာဖြစ်ပါတယ်။ ။

# ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် စက်တင်ဘာ ၁၂ ရက်က တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ်အတွင်းရှိ ပုပ္ပါးကုန်းရပ်ကွက် သုတရောင်ခြည်စာကြည့်တိုက်နှင့် ပြည်စံအောင်ရပ်ကွက် လူထုအလင်းစာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး၍ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

နေပြည်တော်ကောင်စီဝင်သည် ပုပ္ပါးကုန်းရပ်ကွက် သုတရောင်ခြည်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်းသည် မှတ်သားထားသည့် အသိပညာဗဟုသုတများကို မိမိကိုယ်တိုင် အသုံးချနိုင်သည့်အပြင် အခြားသူများကိုလည်း ပြန်လည်မျှဝေပေးနိုင်သည့်အတွက် စာဖတ်ခြင်းအလေ့အကျင့် စွဲမြဲအောင် အစပြုဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ဆိုလာမီးသီးနှင့် အာဟာရဖြစ်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် စာကြည့်တိုက်များတွင် ဆောင်ရွက်သည့် ပုံပြင်ပြော ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပြည်စံအောင်ရပ်ကွက် လူထုအလင်းစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ဆိုလာမီးသီးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၌ နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လယ်ဝေး–သစ်ပုတ်ပင်သွားကားလမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ” လူငယ်စကားဝိုင်းကျင်းပ**

**နေပြည်တော် စက်တင်ဘာ ၁၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ” လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၂ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စကားဝိုင်းသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင်က ကျောင်းသားလူငယ်များ ဦးဆောင်ပါဝင်သည့် လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးခြင်းကြောင့် လူငယ်များအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်၊ ဗဟုသုတများ ရရှိစေခြင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရာ၌ ကျောင်းသားလူငယ်တို့၏ အခန်းကဏ္ဍ ပါဝင်လာစေခြင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်ကြောင်း၊ လူငယ်များကိုယ်စဉ်ကပင် စည်းကမ်းရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လူမှုကျင့်ဝတ်များကို လေးစားလိုက်နာခြင်း စသည့်အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးတတ်စေရန် စာသင်ကျောင်းများမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် အမှား၊ အမှန် ခွဲခြားသိမြင်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိစွာ ပြုမှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပပြီး ကော်မရှင်အဖွဲ့ဝင်က ကျောင်းအုပ်ဆရာမကြီးထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း (၁၀) နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း (၁၀) နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms.Cao Jing၊ တရုတ်နိုင်ငံဆိုင်ရာ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။






အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ခဲ့သည့် (၇၅) နှစ်ပြည့်မြောက်သောနှစ် ဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေးကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်တွေ့ကျင့်သုံးခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးဆောင်ရွက်ရာတွင် အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများအပြင် ပြည်သူချင်းဆက်သွယ်ပူးပေါင်းဆောင်ရွက်သည့် People to People အခန်းကဏ္ဍတွင် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာအသင်းအဖွဲ့များ၏ ဆောင်ရွက်မှုများသည် အရေးပါလျက်ရှိပါကြောင်း။

ယနေ့ အခမ်းအနားတွင် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းနှင့် မြဝတီရုပ်မြင်သံကြားတို့ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်အသိအမှတ်ပြု သဘောတူစာချုပ်ချုပ်ဆိုမည် ဖြစ်သည့်အတွက် အောင်မြင်သည့် အသီးအပွင့်တစ်ခုဖြစ်ပါကြောင်း၊ အနာဂတ်ခရီးစဉ်တွင် "မြန်မာ တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း" အနေဖြင့် ဆက်လက်အားဖြည့် ကူညီပေးရင်း နှစ်နိုင်ငံအကျိုးကို နှစ်ပေါင်းများစွာ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing နှင့် အသင်း၏ Senior President ဦးသူစွာ (ခ) Mr. Li Bo Bo တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်းတို့သည် သဘောတူစာချုပ်ချုပ်ဆိုကြပြီး မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်းအလုပ်အမှုဆောင် ကော်မတီဝင်အသစ်များ၏ အမည်စာရင်းများကို ကြေညာခြင်း၊ "သစ်လွင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအသင်းခွဲ" စတင်ထူထောင်ကြောင်းကြေညာခြင်းနှင့် အဖွဲ့ဝင်စာရင်းအား ကြေညာခြင်း၊ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ်အဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၄**

ပြည်နယ်အဆင့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ဓာတ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်သူ၊ ပြည်နယ်သားများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်မောင်မယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမများကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သဘင်အစည်းအရုံးက မင်္ဂလာအောင်ပွဲ တေးသရုပ်ဖော်အက၊ ဂီတအစည်းအရုံးက ဂီတသဘင်အောင်ပွဲဆင်တေးသီချင်း၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဒုံးအကတို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး အခြေခံပညာ (၁၀-၁၅) အဆင့်၊ အခြေခံပညာ(၁၅-၂၀) အဆင့်နှင့် အဆင့်မြင့်ပညာအဆင့် အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည့် ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲသို့တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဝင်ငွေတိုးစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျေးရွာဆယ်ရွာ၊ သင်တန်းအမျိုးအစားငါးမျိုးမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောထူးချွန်သင်တန်းသား သင်တန်းသူများအား စုစုပေါင်း ငွေကျပ် သိန်း ၇၀၀ ကျော်တန်ဖိုးရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခင်းကျင်းပြသထားသည့် လူသုံးကုန်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု၊ စက်ချုပ်နည်းပညာ၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း၊ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာများနှင့် သက်ဆိုင်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းအတွင်းရှိ စေတနာ့ဝန်ထမ်း ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေပေးအပ်

**မကွေး စက်တင်ဘာ ၁၄**

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အတွင်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ဖွင့်လှစ်ထားပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရရှိသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းဂေဟာ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် စေတနာမူလတန်းညကျောင်းများသို့ ထောက်ပံ့ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက မကွေးမြို့နယ် စုပေါင်းရုံး စည်းဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ကြေးပေးအပ်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ဂေဟာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ၏ တည်ထောင်ခွင့်ပြုမိန့်ရရှိသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ ခြောက်ခု၊ ဘိုးဘွားရိပ်သာ ရှစ်ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅၆ ကျောင်း၊ မသန်စွမ်းဂေဟာတစ်ခု၊ စေတနာမူလတန်းညကျောင်းတစ်ကျောင်း တို့အတွက် ထောက်ပံ့ကြေး ငွေကျပ်သိန်း ၂၃၉၁၁၁၀၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်သည်။ (ဓာတ်ပုံ)



ထို့နောက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့ကို ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးထက်ကျော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်သည်။ **(အောက်ပုံ)** အဆိုပါ သွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၆၁ ဦး သွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ၏ လယ်ယာသားငါးကဏ္ဍ မြှင့်တင်ပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ပြည်လျှော်ရွှေလျှော်ထုတ်စက်ရုံအား ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ခေတ္တရာဟံသာ ကုမ္ပဏီလီမိတက်၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။




အဆိုပါ ကုမ္ပဏီ၏ မျိုးသန့်မျိုးစပါး ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှု၊ မျိုးသန့်စက်ဖြင့် မျိုးစေ့သန့်စင်ခြင်းလုပ်ငန်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရောင်းပြခန်း၊ ဆန်နှင့်ဆန်ကွဲ ဝယ်ယူရောင်းချခြင်းလုပ်ငန်း၊ မြေသြဇာရောင်းချခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် သာယာဝတီခရိုင် သာယာဝတီမြို့ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးစခန်း၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ရေချိုငါးမုတ်၊ ငါးသိုင်း ခေါင်းပွ၊ တီလားပီးယား၊ ငါးဖန်းမ၊ ရွှေဝါငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်းနှင့် ငါးတန် ငါးသားဖောက် ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ) သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများက ဒေသကြက်မများ မွေးမြူ၍ ဥဥနှုန်းကို လေ့လာခြင်း၊ မြန်မာဝက်ကို အသားတိုးစာကျွေး၍ ကြီးထွားနှုန်းကို နှိုင်းယှဉ်လေ့လာခြင်း၊ အစာကြမ်းနှင့် အစာနုကျွေး၍ ဆိတ်၏ကြီးထွားနှုန်းကို လေ့လာခြင်း၊ ထိုင်းကောက်နံ့မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ မတူညီသော ဟင်းသီးဟင်းရွက်များ၏ကြီးထွားမှုကို လေ့လာခြင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အရည်အသွေးကောင်း ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်း၏ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၆/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို အမှတ် (၁၇) အခြေခံပညာ မူလတန်းလွန် ကျီကုန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်၊ အလုပ်အမှုဆောင် ဦးချမ်းငြိမ်းအောင်၊ အောင်မြေသာစံခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး (တာဝန်) ဦးအောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါ်သက်မာဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး ဦးအောင်မင်းဦး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အဆိုပါသင်တန်းတွင် တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများက ရှေးဦးပြုစုခြင်း စွမ်းရည်ပြသခဲ့ပြီး ထူးချွန်သင်တန်းသားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဌာနချုပ်အရာရှိခန့်အပ်လွှာရရှိသော အရာရှိများအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က အရာရှိခန့်အပ်လွှာနှင့် အရာရှိစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ကသာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ကျင်းပ

**ကသာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ပိုစတာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပိုစတာပြိုင်ပွဲ၌ အထက်တန်း၊ အလယ်တန်းအဆင့်တို့တွင် “အိုဇုန်းလွှာ ကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ကျော်စွာ(ကသာ)**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၁)

## ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု (Scholarships for Agriculture)

*ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)*

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များရှိ ထူးချွန် ကျောင်းသား ကျောင်းသူများ (Scholarships/ Top students) ရွေးချယ်ခြင်းစနစ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပါမည်။

**ပညာတော်သင်ဆု (Scholarship) အဓိပ္ပာယ်**

ပညာတော်သင်ဆုဆိုသည်မှာ ကျောင်းသား ကျောင်းသူများ ပညာသင်ယူရာတွင် ကူညီပံ့ပိုး ပေးရန် အသေးစိတ်အခြေအနေများအပေါ် အခြေခံပြီး (ပညာရေးတွင် ထူးချွန်စွာအောင်မြင်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်စွမ်းရည်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်၊ သီးခြားဘာသာရပ်ခေါင်းစဉ်များ ဥပမာ - စိုက်ပျိုးရေးထူးချွန်ပညာသင်ဆုများ စသဖြင့်) ပေးအပ်သည့် ငွေကြေးဆိုင်ရာ ဆုတစ်မျိုးဖြစ်သည်။ ကျောင်းသား ကျောင်းသူများအတွက် ချေးငွေ (Student Loans) မဟုတ်သဖြင့် ပြန်ပေးရန် မလိုအပ်ပါ။

**ပညာတော်သင်ဆု အရေးပါချက်များ**

(က) **ပညာသင်ခွင့်တူညီစွာရယူနိုင်စေရန်။** ပညာတော်သော်လည်း စီးပွားရေး အခက်အခဲရှိသူများ၊ နောက်ခံငွေကြေးနည်းပါးသူများကို ပညာသင်ခွင့်ပေးနိုင်သည်။

(ခ) **ငွေကြေးလိုအပ်မှု လျော့နည်းစေသည်။** တက်ရောက်သင်ကြား ကျောင်းလခ၊ စာအုပ်များဝယ်ယူစရိတ်၊ နေထိုင်စရိတ် စသည်တို့ကို ကူညီပေးနိုင်သည်။

(ဂ) **နိုင်ငံအတွင်း ပညာရေးတိုးတက်မှုကို အားပေးသည်။** ပညာရေးအောင်မြင်မှုရှိသူများကို ဆုချီးမြှင့်ခြင်းဖြင့် ပညာသင်ကြားစေလိုမှု အားပေး၊ လှုံ့ဆော်ပေးပါသည်။

(ဃ) **အခွင့်အရေးသာတူညီမျှမှု။** စီးပွားရေး အခြေအနေအရ တက္ကသိုလ်စရိတ် မတတ်နိုင်သော ပညာတော်သူများ ပညာသင်ယူနိုင်စေရန် ကူညီပေးပါသည်။

(င) **အထူးသီးသန့်ဘာသာရပ်များ တိုးတက်စေရန်။** စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ရာသီဥတုပြောင်းလဲမှု၊ အင်ဂျင်နီယာ၊ ပညာရေး စသည် ထူးခြားသည့်ဘာသာရပ်များတွင် တက်ရောက်စေရန် လှုံ့ဆော်အားပေးပါသည်။

(စ) **အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေသည်။** နိုင်ငံအတွင်းပညာတတ်များ တိုးတက်မြင့်မားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု ပိုမိုကောင်းမွန်လာကာ နိုင်ငံစီးပွားရေး ပိုမိုတိုးတက်နိုင်ပါသည်။

**ပညာတော်သင်ဆုနှင့် ထောက်ပံ့ကြေးများ၏ ကွာခြားချက်**

စာရေးသူတို့ တက္ကသိုလ်ကျောင်းသားဘဝက အစိုးရက ထောက်ပံ့ကြေးတစ်လ (Stipend) ၇၅ ကျပ်၊ ကျောင်းလခလွတ်ငြိမ်းခွင့် (Free Tuition) ၁၄ ကျပ် ပေးသည့် စနစ်ရှိပါသည်။ စာရေးသူ၏ ဖခင်က မူလတန်းကျောင်းအုပ်ဖြစ်သဖြင့် ဇာတိ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်၏ ထောက်ခံချက်ဖြင့် ကျောင်းလခလွတ်ငြိမ်းခွင့် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ရရှိခဲ့ပါသည်။

အစိုးရထူးချွန်ပညာသင်ဆု (Scholarships) မှာ ရန်ကုန်တက္ကသိုလ် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများနှင့် စီးပွားရေးတက္ကသိုလ် စီးပွားရေး ထူးချွန်ပညာသင်ဆု တစ်လ ငွေကျပ် ၃၀၀ ပေးအပ်သည်ဟု ကြားသိဖူးပါသည်။ စိုက်ပျိုး၊ မွေးမြူရေး ပညာသင်ဆု မရှိခဲ့ဖူးပါ။ ထိုစဉ်က ဘူးသီးကြော် တစ်ခု ၁၀ ပြား၊ လက်ဖက်ရည်တစ်ခွက် ၂၅ ပြား၊ ရေဆင်း-ပျဉ်းမနား ကားခ ငါးပြားသာရှိ၍ လစဉ် ထောက်ပံ့ကြေးရရှိသူများ၏ ၇၅ ကျပ်မှာ စားသောက်ကြေး ၄၃ ကျပ်၊ ကျောင်းလခ ၁၄ ကျပ် သွင်းပြီး တစ်လ ၁၇ ကျပ် ပိုပါသေးသည်။

| အချက်အလက် | ပညာတော်သင်ဆု (Scholarship) | ထောက်ပံ့ကြေး (Stipend) |
|---|---|---|
| အမျိုးအစား | ပညာထူးချွန်၍ သင်ယူရေးအတွက် ဆုငွေ | မိဘချို့တဲ့၍ နေထိုင်မှု၊ စာသင်ကြားရန်အတွက် ပုံမှန်ထောက်ပံ့ငွေ |
| အခြေခံအချက် | ပညာရေးအောင်မြင်မှု၊ စည်းမျဉ်းစည်းကမ်းများ အပေါ်အခြေခံ | လေ့ကျင့်ရေး၊ သင်တန်း၊ သုတေသနလုပ်ဆောင်မှုများနှင့် ဆိုင်သည် |
| ပေးပုံစနစ်/အကြိမ်ရေ | တစ်ကြိမ်တည်း သို့မဟုတ် နှစ်ပေါင်းစွာ ပေးခြင်း | လစဉ် သို့မဟုတ် ပုံမှန် အကြိမ်ကြိမ်ပေးခြင်း |
| အသုံးချနိုင်သည့်နေရာ | သင်ကြားခ၊ စာအုပ်၊ သင်တန်းကြေး စသည် ပညာသင်ယူဆိုင်ရာ ကုန်ကျစရိတ်များ အားလုံးသုံးနိုင် | နေထိုင်ရေးစရိတ်၊ စားစရိတ်၊ သွားလာခ စသည် လုံလောက်ရုံသာ |
| ပြန်ပေးရန်လိုအပ်မှု | မလိုအပ်ပါ | မလိုအပ်သော်လည်း တချို့ သုတေသနလုပ်ဆောင်မှုနှင့် ပြန်ပေးရမည် |
| ဥပမာ | ပညာရေးအောင်မြင်မှုအတွက် ပညာတော်သင်ဆု၊ လစဉ်အတွက် ပညာတော်သင်ဆု | သုတေသနဆိုင်ရာ ငွေထောက်ပံ့ခ၊ လေ့ကျင့်ရေးအတွက် ငွေထောက်ပံ့ခ |
| ငွေပမာဏ | ပမာဏအလွန်များ | လုံလောက်ရုံသာ |

**မြန်မာ့စိုက်ပျိုးမွေးမြူရေးရှုခင်းကို ပုံဖော်ကြည့်ခြင်း**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွဲ့စည်းပုံတွင် အခြေခံကျပြီး အစားထိုး၍မရသော အခန်းကဏ္ဍတစ်ခုကို ပိုင်ဆိုင်ထားပါသည်။ ၎င်းကို **"စီးပွားရေး၏ အဓိကအုတ်မြစ်"** အဖြစ် ရည်ညွှန်းပြီး နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းနှင့် တည်ငြိမ်မှု၏ အဓိကမောင်းနှင်အားလည်း ဖြစ်ပါသည်။ ဤကဏ္ဍသည် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးပြီး လုပ်သားအင်အား ၆၀ ရာခိုင်နှုန်းကျော်ကို အလုပ်အကိုင်ပေးထားသည့် အကြီးမားဆုံးအလုပ်ရှင်လည်း ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး၏ လူမှုရေးဆိုင်ရာ အရေးပါမှုသည် ကျေးလက်ဒေသများတွင် ပိုမိုထင်ရှားပြီး လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း နီးပါးအတွက် အဓိကဝင်ငွေအရင်းအမြစ် ဖြစ်ပါသည်။ ကျေးလက်နေအိမ်ထောင်စု ၇၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းခန့်သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပေါ် မှီခိုနေကြရပြီး နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ဤကဏ္ဍ၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ နက်ရှိုင်းစွာ မှီခိုနေရသောကြောင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ခေတ်မီအောင် လုပ်ဆောင်ခြင်းသည် စီးပွားရေးမူဝါဒရည်မှန်းချက်တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်း ဖြစ်သည်။

ဤခေတ်မီအောင် လုပ်ဆောင်မှုသည် စားနပ်ရိက္ခာဖူလုံရေးရရှိရန်နှင့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရန်အတွက် အရေးပါပြီး တစ်နိုင်ငံလုံးရှိ လူနေမှုဘဝများကို တိုးတက်စေရန်အတွက် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရေနှင့်ကြီးမားသော လုပ်သားအင်အားကဲ့သို့သော သဘာဝအရင်းအမြစ်များက တွန်းအားပေးနေသည့် ဤကဏ္ဍ၏ ကြီးမားသော အလားအလာကို အပြည့်အဝ အသုံးမချနိုင်သေးဟု ထင်မြင်ယူဆမိပါသည်။

အနာဂတ်အလားအလာကို အကောင်အထည်ဖော်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှု လိုအပ်ပြီး ဤရင်းနှီးမြှုပ်နှံမှုသည် လုပ်သားအင်အားကို ရိုးရာအလေ့အကျင့်များမှ ခေတ်မီ၊ ရေရှည်တည်တံ့ပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော စိုက်ပျိုးမွေးမြူရေးနည်းပညာများသို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာများ ဆောင်ရွက်ပေးရန်အတွက် မရှိမဖြစ် လိုအပ်ပါသည် ထင်မြင်မိပါသည်။

နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (Agricultural Universities)၊ သုတေသနဌာနများ (Research Institutes) က ပေးလေ့ရှိသည့် ပညာတော်သင်ဆုနှင့် ထောက်ပံ့ကြေး ဥပမာများကို အောက်မှာ ကြည့်ရှုနိုင်ပါသည်။

**ပညာတော်သင်ဆု ဥပမာများ**

(က) နိုင်ငံအလိုက်၊ ဒေသအလိုက် ပညာတော်သင်ဆုများ (In-Country & Regional Scholarship ဥပမာ - DAAD, ACIAR, JICA စသည်)

စိုက်ပျိုးမွေးမြူရေးပညာအထူးပြု သင်ယူချင်သူများအတွက် နိုင်ငံတကာမှပေးသော ပညာတော်သင်ဆု ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းလခကြေး၊ စာအုပ်ကြေး၊ လေ့လာရေးခရီးစရိတ်၊ သုတေသနကုန်ကျစရိတ်စသည်တို့ ပါဝင်ပါသည်။

(က-၁) **ဂျာမန်ပညာရပ်ဆိုင်ရာ/ ပညာရှင်ဖလှယ်ရေးဝန်ဆောင်မှုအဖွဲ့ (DAAD – German Academic Exchange Service)။** ဂျာမနီနိုင်ငံ အစိုးရ၊ ဤအဖွဲ့မှ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များ ပေးအပ်သော ပညာတော်သင်ဆုဖြစ်ပြီး ဂျာမန်တက္ကသိုလ်များတွင် ပညာသင်ကြားရပါသည်။ စာရေးသူ၏ စိုက်ပျိုးရေးပါရဂူဘွဲ့ သင်တန်းအတွက်

*စာမျက်နှာ ၁၃ သို့*

❂ **အနာဂတ်အလားအလာကို အကောင်အထည်ဖော်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှု လိုအပ်ပြီး ဤရင်းနှီးမြှုပ်နှံမှုသည် လုပ်သားအင်အားကို ရိုးရာအလေ့အကျင့်များမှ ခေတ်မီ၊ ရေရှည်တည်တံ့ပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော စိုက်ပျိုးမွေးမြူရေးနည်းပညာများသို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာများ ဆောင်ရွက်ပေးရန်အတွက် မရှိမဖြစ် လိုအပ်ပါသည် ထင်မြင်မိပါသည်**

❑ **နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးမွေးမြူရေးပညာသင်ဆုမှာ မဟာနှင့်ပါရဂူဘွဲ့ ပညာသင်ဆုများကိုသာ ပေးအပ်လေ့ရှိပါသည်။ ဘွဲ့ကြိုသင်တန်းကို ပေးအပ်မှုနည်းပါး**

# ကျိုင်းတုံမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကျိုင်းတုံ စက်တင်ဘာ ၁၄**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၀ ရက်က ကတ်ဖကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောမင်းသူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ကို အသုံးပြုမဲပေးခြင်းဖြင့် တိကျသော မဲရလဒ်များ ရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများ မရှိခြင်း၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာ ကြေညာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ကတ်ဖကျေးရွာရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများအား မြန်မာ၊ ရှမ်းဘာသာစကားများဖြင့် အသိပညာပေး ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြပြီး သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# အခြေခံပညာမူလတန်းကျောင်း(နောင်ဟူး)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**လှိုင်လင် စက်တင်ဘာ ၁၄**
လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက်က အခြေခံပညာမူလတန်းကျောင်း(နောင်ဟူး)၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းအေးသိန်းက ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့်တိုက်များ အသုံးပြုတတ်စေရေး၊ စာပေ၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဟောပြောသည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများက ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရတစာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အယ်မင်း(လှိုင်လင်)**

*စာမျက်နှာ ၁၂ မှ*

ကက်ဆယ်တက္ကသိုလ် (University of Kassel) တွင် စိုက်ပျိုးရေးသုတေသနပညာသင်ယူရန် ဂျာမနီအစိုးရ ဤအဖွဲ့မှ ပညာတော်သင်ဆုပေးခဲ့ပါသည်။ (ဤနေရာမှ ကျေးဇူးတင်စကားဆိုပါရစေ)။

(က-၂) **ဩစတြေးလျအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ (ACIAR – Australian Centre for International Agricultural Research)**။ ဩစတြေးလျနိုင်ငံအစိုးရက တည်ထောင်ထားသော ဤအဖွဲ့က သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်းရှိလျှင် မဟာသိပ္ပံ၊ ပါရဂူဘွဲ့ပညာသင်ဆုပေးပြီး ဩစတြေးလျနိုင်ငံ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ယူရပါသည်။

(က-၃) **ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုတိုးတက်ရေးအဖွဲ့ (JICA – Japan International Cooperation Agency)**။ ဂျပန်နိုင်ငံအစိုးရက တည်ထောင်ထားသော ဤအဖွဲ့က သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်းရှိလျှင် မဟာသိပ္ပံ၊ ပါရဂူဘွဲ့ ပညာသင်ဆုပေးပြီး ဂျပန်နိုင်ငံ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ယူရပါသည်။

(က-၃) **ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုတိုးတက်ရေးအဖွဲ့ (KOICA – Korea International Cooperation Agency)**။ ကိုရီးယားနိုင်ငံအစိုးရက တည်ထောင်ထားသော ဤအဖွဲ့က သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်းရှိလျှင် မဟာသိပ္ပံ၊ ပါရဂူဘွဲ့ပညာသင်ဆုပေးပြီး ကိုရီးယားနိုင်ငံ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ယူရပါသည်။

(ခ) **အရှေ့တောင်အာရှနိုင်ငံများ စိုက်ပျိုးမွေးမြူရေးပညာသင်ဆု (SEARCA Scholarship)**

စိုက်ပျိုးမွေးမြူရေး၊ သစ်တောမဟာဘွဲ့/ပါရဂူဘွဲ့အတွက် အရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းသား ကျောင်းသူများကို ပညာတော်သင်ဆုပေးသည်။ များသောအားဖြင့် ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်တက္ကသိုလ် (University of the Philippines Los Baos – UPLB)၊ ထိုင်းနိုင်ငံက ဆက်ဆပ်တက္ကသိုလ် (Kasetsart University – KU)၊ မလေးရှားနိုင်ငံ ပူထရာတက္ကသိုလ် (University Putra Malaysia – UPM) တို့တွင် သင်ယူရလေ့ရှိပါသည်။ (စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူအများစု ဤတက္ကသိုလ်များတွင် သင်ကြားဘွဲ့ယူရရှိခဲ့ကြပါသည်။ )

(ဂ) **ဗာဂန်နီဂမ်တက္ကသိုလ်၊ သုတေသနဌာန ပညာသင်ဆု၊ နယ်သာလင် (Wageningen University & Research – WUR, Netherlands)**။ အာဖရိက၊ အာရှစသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများအတွက် Orange Knowledge Programme Scholarships ပေးနေပါသည်။

(ဃ) **အိန္ဒိယစိုက်ပျိုးရေး သုတေသနတက္ကသိုလ် ပညာသင်ဆု၊ အိန္ဒိယနိုင်ငံ (Indian Agricultural Research Institute (IARI – India)**။ အိန္ဒိယစိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ (ICAR – Indian Council of Agricultural Research) လက်အောက်ခံ ကျောင်းသား ကျောင်းသူများအတွက် ထူးချွန်မှုကို အခြေခံသော ပညာသင်ဆု (Merit-based Scholarships) အငယ်တန်း/အကြီးတန်း သုတေသနဆု (Junior Research Fellowships, Senior Research Fellowships) ပေးပါသည်။

**နိုင်ငံတကာရှိ ပညာသင်ထောက်ပံ့ကြေး (Stipend) ပေးနေသောဥပမာများ**

**၁။ ဘွဲ့လွန်အကူ/ လက်ထောက်သုတေသန ထောက်ပံ့ကြေး၊ အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များ (Graduate Research Assistantship – US Agricultural Universities)**

အမေရိကန်နိုင်ငံ စိုက်ပျိုးရေးပညာဆိုင်ရာ သုတေသနလုပ်နေသည့် မဟာဘွဲ့/ပါရဂူဘွဲ့ ပြုလုပ်နေသည့် ကျောင်းသား ကျောင်းသူများကို ဓာတ်ခွဲခန်းများ၊ စိုက်ကွင်းများ၌ ပါမောက္ခ သုတေသနများကို ကူညီပေးခြင်းဖြင့် လစဉ်ငွေ ထောက်ပံ့ကြေးပေးသည့်စနစ် ဖြစ်ပါသည်။ (အတွေ့အကြုံများစွာလည်းရ၊ ဝင်ငွေအတိုင်းအတာတစ်ခု အထိလည်းရသော ကောင်းမွန်သည့် အစီအစဉ်ဖြစ်ပါသည်) ။ ဥပမာ – အမေရိကန်စိုက်ပျိုးမွေးမြူရေးသုတေသနဌာန၏ သုတေသနများ (USDA – United State Department of Agriculture-Research Projects)၊ ကော်နယ်တက္ကသိုလ်၊ စိုက်ပျိုးမွေးမြူရေးကောလိပ် (Cornell University Agriculture College)၊ ကာလီဖိုးနီးယားတက္ကသိုလ် ဒေးဗစ်နယ်မြေ (University of California–Davis) စသည်။

**၂။ ဥရောပနိုင်ငံများ ဥပမာ– ဒိန်းမတ်၊ ဂျာမနီ၊ ယူကေတို့၏ ပါရဂူဘွဲ့ထောက်ပံ့ကြေးအစီအစဉ်များ (PhD Stipend in Europe e.g. Denmark, Germany, UK)**

စိုက်ပျိုးမွေးမြူရေးသုတေသန ပရောဂျက်များတွင် ပါဝင်လျှင် လစဉ် (နေထိုင်ရေး၊ စားစရိတ်အတွက်) ထောက်ပံ့ကြေး (Stipend) ပေးသည့်စနစ်ဖြစ်ပါသည်။

**၃။ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးမွေးမြူရေးသုတေသနဌာနများ၏ သုတေသနထောက်ပံ့ကြေးစရိတ်များ (International Research Institutes e.g. IRRI, CIMMYT, ICRISAT, World Vegetable Center)**

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၊ ဂျုံနှင့်ပြောင်းဖူး သုတေသနဌာန၊ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသသီးနှံများ သုတေသနဌာန၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်သုတေသနဌာနများမှ စိုက်ပျိုးရေးသုတေသနလုပ်နေသော မဟာ/ပါရဂူဘွဲ့ (MSc/PhD) ကျောင်းသား ကျောင်းသူများကို သုတေသနထောက်ပံ့ကြေးစရိတ် (Research Fellowship Stipend) ပေးသောစနစ် ဖြစ်ပါသည်။

က။ ကမ္ဘာ့ကုလသမဂ္ဂလက်အောက် အစားအစာနှင့် စိုက်ပျိုးမွေးမြူရေးအဖွဲ့ (FAO–Food and Agriculture Organization) ကလည်း သုတေသန ထောက်ပံ့ကြေး ပေးလေ့ ရှိပါသည်။

ခ။ ယခင် ကိုလံဘိုစီမံကိန်းပညာသင်ဆု (Colombo Plan Scholarships) ၁၉၈၀-ပတ်ဝန်းကျင်လောက်က ကိုလံဘိုစီမံကိန်းဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ယူကေ၊ ဩစတြေးလျ၊ နယူးဇီလန် စသည့်ဖွံ့ဖြိုးပြီးနိုင်ငံများက စိုက်ပျိုးမွေးမြူရေးပညာသင်ဆု ပေးခဲ့ပါသည်။ ၁၉၈၆ ခုနှစ် မဟာစိုက်ပျိုးရေးပညာကို ဤပညာသင်ဆုဖြင့် ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်၌ (University of Queensland) စာရေးသူ တက်ရောက်ခဲ့ရပါသည်။

**(မှတ်ချက် – ၁၉၈၈ အရေးအခင်းဖြစ်ချိန်တွင် ပညာတော်သင်အချို့ ပြန်မလာကြတော့ပါ။ စာရေးသူ၏ခံစားချက်ကတော့ မိမိစာတော်လွန်း၍ ပညာတော်သင်ဆုပေးသည်မဟုတ်ဘဲ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် တက္ကသိုလ် ဆရာ၊ ဆရာမများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးပြီး နိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူများကို ပြန်လည်သင်ကြားပေးစေလိုသည့် သူတို့နိုင်ငံ၏ကောင်းမွန်သည့် ရည်ရွယ်ချက်ကြောင့် ပြန်လာခဲ့ပါသည်။)**

နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးမွေးမြူရေးပညာသင်ဆုမှာ မဟာနှင့်ပါရဂူဘွဲ့ ပညာသင်ဆုများကိုသာ ပေးအပ်လေ့ရှိပါသည်။ ဘွဲ့ကြိုသင်တန်းကို ပေးအပ်မှုနည်းပါးပါသည်။ စာရေးသူ၏ တက္ကသိုလ်ဆရာဘဝ သက်တမ်းတစ်လျှောက် တိုကျိုပုဂ္ဂလိကစိုက်ပျိုးရေးတက္ကသိုလ် (Tokyo Nodai – Tokyo University of Agriculture – TUA) က စိုက်ပျိုးရေးဘွဲ့ကြို ထောက်ပံ့ကြေးဆု ပေးအပ်ခဲ့ဖူးပါသည်။ သို့သော် ဘွဲ့ရပြီးကလေးအားလုံးလောက်နီးနီး ဂျပန်နိုင်ငံမှ ပြန်မလာကြတော့ပါ။ ပညာသင်ဆုက မြန်မာနိုင်ငံအတွက် အကျိုးမရှိဖြစ်ခဲ့ရပါသည်။

**စာရေးသူ၏ အတွေးတစ်စ**

စာရေးသူတို့ခေတ်က အစိုးရပေးသော ဘွဲ့ကြိုပညာသင်ဆု တစ်လ ငွေကျပ် ၃၀၀ သည် ခေါက်ဆွဲကြော် တစ်ပွဲ တစ်ကျပ် (ပွဲ ၃၀၀) ဝယ်စားလို့ ရပါသည်။ ယခု ခေါက်ဆွဲကြော်တစ်ပွဲ ကျပ် ၅၀၀၀ (ပွဲ ၃၀၀ စာ) တစ်ဦး တစ်လ ၁၀ – ၁၅ သိန်းခန့် ဘွဲ့ကြိုပညာတော်သင်ဆု (Undergraduate Scholarships) ပေးမည်ဆိုလျှင်ခု ၁၂ တန်းအောင် စာတော်သော ကျောင်းသား ကျောင်းသူတချို့ ဆေးတက္ကသိုလ်သွားမည့်အစား စိုက်ပျိုး၊ မွေးမြူ သစ်တောတက္ကသိုလ်များသို့ လျှောက်လာကြမလားဟု စဉ်းစားကြည့်မိပါသည်။ ဘွဲ့ရလျှင်တော့ နိုင်ငံခြားထွက်သွားတာမလုပ်ဘဲ ပြည်တွင်းတက္ကသိုလ်၊ သုတေသနဌာနများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများတွင် အနည်းဆုံးငါးနှစ် စသည်ဖြင့် အလုပ်လုပ်ပါမည်ဟူ၍ လက်မှတ်ရေးထိုးထားရန်တော့ လိုပါလိမ့်မည်။

ပညာတော်သင်ဆုကို အစိုးရတစ်ခုတည်းက ပေးတာမဟုတ်ဘဲ ပုဂ္ဂလိကဘဏ်သူဌေးကြီးများ၊ ဆန်စပါး၊ ဆီစက်၊ လုပ်ငန်းရှင်အသင်းများက မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေချင်၍ တစ်နှစ် သုံးဦးစီလောက် တိုင်ပင်ပြီး ပေးလျှင်ကော အဆင်ပြေမလားဟု စဉ်းစားကြည့်နေမိပါသည်။

နိုင်ငံတကာတွင် ကျင့်သုံးနေသော ကျောင်းသားချေးငွေ (Student Loans) စနစ် ဖန်တီးပေးပြီး ချေးငွေဖြင့် ကျောင်းတက်၊ ဘွဲ့ရလျှင် မိမိစိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာကုမ္ပဏီ၊ ပုဂ္ဂလိက လုပ်ငန်းများတွင် ၅ -၁၀ နှစ် စသည်ဖြင့် လုပ်ကိုင်ပြီး ငွေပြန်ဆပ်စေခြင်း စသည့်လုပ်ငန်းများကိုလည်း စီမံ၍ရနိုင်ပါသည်။ ငွေချေးပြီးလျှင်တော့ ပြန်ဆပ်ရပါမည်။

(အမိနိုင်ငံ စိုက်ပျိုးမွေးမြူရေးပညာများဖြင့် ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်စေတနာဖြင့်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အရည်အသွေးဆိုင်ရာချို့ယွင်းမှုများကြောင့် အမေရိကန်လေကြောင်းအေဂျင်စီက ဘိုးအင်းကုမ္ပဏီကို ဒေါ်လာ ၃ ဒသမ ၁ သန်း ဒဏ်ငွေရိုက်မည်

ဝါရှင်တန် စက်တင်ဘာ ၁၄

၂၀၂၃ စက်တင်ဘာလမှ ၂၀၂၄ ဖေဖော်ဝါရီလအထိ လုံခြုံရေးဆိုင်ရာ ချို့ယွင်းမှုများကြောင့် ဖက်ဒရယ်လေကြောင်း ဦးစီးဌာန ( အက်ဖ်အေအေ)က ဘိုးအင်းကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း ဒဏ်ငွေရိုက်ရန် အဆိုပြုထားသည်။

ဝါရှင်တန်ပြည်နယ် ရက်တန်မြို့ရှိ ဘိုးအင်း၏ ၇၃၇ စက်ရုံနှင့် ကန်ဆက်ပြည်နယ် ဝီချီတာရှိ ဘိုးအင်း၏ကုမ္ပဏီခွဲဖြစ်သော စပရစ်အဲရိုစစ်စတန် ၇၃၇ စက်ရုံတို့တွင် အရည်အသွေးဆိုင်ရာ ချို့ယွင်းမှုပေါင်းများစွာကို တွေ့ရှိခဲ့ကြောင်း အက်ဖ်အေအေက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ချို့ယွင်းမှုများသည် အလက်စကာလေကြောင်းလိုင်း လေယာဉ်ပေါ်တွင်ဖြစ်ပေါ်ခဲ့သော မတော်တဆမှုနှင့်ဆက်စပ်နေကြောင်း ပို့ဆောင်ရေးအေဂျင်စီက ပြောသည်။

စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် ဖော်ပြချက်တွင် ဘိုးအင်းကုမ္ပဏီက အက်ဖ်အေအေမှ အဆိုပြုထားသည့် ပြည်သူ့ဒဏ်ကြေးအားပြန်လည်သုံးသပ်လျက်ရှိပြီး လုံခြုံရေးစီမံခန့်ခွဲမှုနှင့် အရည်အသွေးအာမခံမှုများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ယမန်နှစ်ကတည်းက လုံခြုံရေးနှင့်အရည်အသွေး စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအို အစ္စရေးသို့ရောက်ရှိ

ဂျေရုဆလင် စက်တင်ဘာ ၁၄

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုသည် စက်တင်ဘာ ၁၄ ရက်တွင် အစ္စရေးသို့ရောက်ရှိလာသည်။

ကာတာနိုင်ငံ၌ အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုအပြီး ဒေသတွင်းတင်းမာမှုများ မြင့်တက်လာပြီး ဂါဇာဒေသတွင် အစ္စရေး၏ စစ်ရေးအရ တိုက်ခိုက်မှုမှာလည်း အရှိန်မြင့်လာသည်။




အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးသည် ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများပြန်လွှတ်ပေးရေး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံသွားရန် စီစဉ်ထားသည်။ ထို့ပြင် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ပြုနိုင်မည့်နည်းလမ်းများနှင့် အခြားသော ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့သည် လူဦးရေ တစ်သန်းနီးပါးနေထိုင်သည့် ဂါဇာမြို့တွင် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ မြို့မှအရပ်သားများအားလုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန်လည်း တောင်းဆိုထားသည်။ စက်တင်ဘာ ၁၃ ရက်က အစ္စရေးတို့၏လေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းလေးဦး သေဆုံးခဲ့သည်ဟု ပါလက်စတိုင်းမီဒီယာတွင် ဖော်ပြထားသည်။ ထို့စဉ် လွန်ခဲ့သောသီတင်းပတ်အတွင်းက ဟားမားစ်အရာရှိများကို ပစ်မှတ်ထား၍ ကာတာနိုင်ငံမြို့တော်တွင် အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ယင်းဖြစ်ရပ်ကိုတုံ့ပြန်သည့်အနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် အာရပ်နှင့်အစ္စလာမ္မစ်နိုင်ငံများ အရေးပေါ်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကာတာနိုင်ငံက ကြေညာခဲ့သည်။

အင်န်အိတ်ချ်ကေ

## အင်ဒိုနီးရှားနိုင်ငံ၌ ခရီးသည်တင်ဘတ်စ်ကား မတော်တဆမှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

ဂျကာတာ စက်တင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ စက်တင်ဘာ ၁၄ ရက်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးက လမ်းခွဲများရှိ အကာအရံကို ဝင်တိုက်မိသဖြင့် ရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားသည်။

ခရီးသည် ၅၀ ခန့်တင်ဆောင်လာသည့် အဆိုပါဘတ်စ်ကားမှာ ဘာရိုမိုတောင်မှပြန်လာစဉ် ပရိုဘိုလင်ဂိုခရိုင် ဘိုတိုကျေးရွာရှိ လမ်းမတစ်ခုမှ ဆင်းသက်ချိန် ဘရိတ်ချွတ်ယွင်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်အေဂျင်စီ၏ အဖွဲ့ဝင်ဖြစ်သူ ဆလမ်မက်အေက ပြောကြားသည်။

အဆိုပါယာဉ်မတော်တဆမှုကြောင့် အခင်းဖြစ်ပွားရာနေရာ၌ ခုနစ်ဦးသေဆုံးပြီး တစ်ဦးမှာ ဆေးရုံတွင်သေဆုံးကာ အများအပြား ဒဏ်ရာရရှိကြောင်း၊ ဘတ်စ်ကားမှာ ဆိုးဆိုးရွားရွားပျက်စီးသွားကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံများနှင့် ဆေးခန်းများသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မတော်တဆဖြစ်ပွားရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## မော်လ်ဒိုက် ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရေး ကူညီပံ့ပိုးမှုအဖြစ် အမေရိကန်ဒေါ်လာ ၆၉ သန်းကျော် ရရှိ

မာလီ စက်တင်ဘာ ၁၄

မော်လ်ဒိုက်နိုင်ငံ အဆင့်မြင့်ပညာရေး၊ အလုပ်သမားနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်မှစကာ အဆင့်မြင့်ပညာကို သင်ယူနေသည့် ကျောင်းသား ကျောင်းသူများကို ချေးငွေနှင့် ပညာသင်ဆုအတွက် အမေရိကန်ဒေါ်လာ ၆၉ သန်းကျော်ကို ချေးပေးခဲ့ကြောင်း သိရသည်။



၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၂၂၆ ဦးကို ချေးငွေဒေါ်လာ ၆၉ သန်းကျော် တိုးချဲ့ပေးခဲ့ကြောင်း စက်တင်ဘာ ၁၄ ရက် လူမှုကွန်ရက်မီဒီယာတွင် ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းကာလအတွင်း ဘွဲ့ကြိုအစီအစဉ်များတွင် အမျိုးသား ၁၆၆၃ ဦးနှင့် အမျိုးသမီး ၂၈၀၆ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၆၉ ဦး စာရင်းသွင်းထားကြောင်း၊ ယခုနှစ် ၂၂၃၇ ဦးအပါအဝင် အလားတူကာလအတွင်း ကျောင်းသား ကျောင်းသူ ၅၅၇၉ ဦး ဘွဲ့ရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၂၁ ဦးထက်မနည်း ဒဏ်ရာရ

မက်ဒရစ် စက်တင်ဘာ ၁၄

စပိန်နိုင်ငံ မြို့တော်မက်ဒရစ်၌ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံ တစ်စိတ်တစ်ပိုင်းပြိုကျမှုဖြစ်ပွားသဖြင့် ၂၁ ဦး ထက်မနည်း ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။



စပိန်နိုင်ငံ မက်ဒရစ်တောင်ပိုင်း ဘားတစ်ခုအတွင်း ညနေ ၃ နာရီဝန်းကျင်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပြည်တွင်းရုပ်မြင်သံကြား ကွန်ရက်တယ်လီမက်ဒရစ် အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က ပြောကြားသည်။ သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းအရေးပေါ်ဝန်ဆောင်မှုအဖွဲ့က ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူနာတင်ယာဉ်များ၊ ဒေသခံနှင့် အမျိုးသား ရဲအရာရှိများကို စေလွှတ်ခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်နိုင်ကြောင်း ကနဦးသတင်းများအရ သိရသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေမှောင်ခိုကူးမှုဖြင့် လေဆိပ်ဝန်ထမ်းဖမ်းဆီးခံရ

ကိုလံဘို စက်တင်ဘာ ၁၄

သီရိလင်္ကာလေဆိပ်နှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း၏ ဝန်ထမ်းတစ်ဦးအား အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ တန်ဖိုးရှိ ရွှေခြောက်ကီလိုဂရမ်ဝန်းကျင် ခိုးထုတ်ရန်ကြိုးပမ်းမှုဖြင့် ဗန်ဒရာနိုက် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖမ်းဆီးခဲ့ကြောင်း သီရိလင်္ကာအကောက်ခွန်ဌာနက စက်တင်ဘာ ၁၄ ရက်တွင် ကြေညာသည်။

ရွှေမှောင်ခိုကူးသူဟုစွပ်စွဲခံရသူမှာ အသက် ၅၄ နှစ်အရွယ်ရှိပြီး ၎င်း၏ခြေအိတ်များအတွင်း ၅ ဒသမ ၄၉ ကီလိုဂရမ်အလေးချိန်ရှိ ၂၄ ကာရက်ရွှေတုံးများ သယ်ဆောင်လာစဉ် လေဆိပ်ဝန်ထမ်းထွက်ပေါက်၌ ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု အကောက်ခွန်အရာရှိများက ပြောသည်။

ထိုလေဆိပ်မှတစ်ဆင့် ရွှေမှောင်ခိုကူးရန် ကြိုးပမ်းမှုများမကြာခဏဖြစ်ပွားလေ့ရှိရာ ဇူလိုင်လအတွင်းက နိုင်ငံသမိုင်းတွင် အကြီးဆုံးရွှေမှောင်ခိုကူးမှုကို ဖမ်းဆီးနိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၆၅ သန်း တန်ကြေးရှိ ရွှေချိန် ၃၅ ကီလိုဂရမ်ကို သီရိလင်္ကာ အကောက်ခွန်ဌာနက ဖမ်းဆီးနိုင်ခဲ့သည်။

ဆင်ဟွာ

# ( ၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) မှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရှိအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက် ကြီးမှူး၍ သင်တန်းသား သင်တန်းသူ၊ သန္တေတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်သည်။

ထိုသို့ သွေးလှူဒါန်းရာတွင် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရှိ ဒေါက်တာနေမျိုးဝေနှင့် သူနာပြုဆရာမများက သွေးလှူမည့် သင်တန်းသားများအား သွေးပေါင်ချိန်ခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ သွေးဖောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးမင်းတို့က လှည့်လည်ကြည့်ရှု၍ ရဲမှူးချုပ် မျိုးမင်းထိုက်က သင်တန်းသား သင်တန်းသူ၊ သန္တေတပ်ဖွဲ့ဝင်များ၏ စုစုပေါင်းသွေးအိတ် ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးမင်းထံ ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သွေးလှူရှင်များအား ရေခဲတော်ဖြည့် အချိုရည်ဘူးများ၊ နွားနို့နှင့်ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းအေးသာစံ (ပြန်/ဆက်)





(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်အတွင်းမြို့နယ်များမှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းနှင့် မိသားစုဝင်(ရဲမေ)များ စုပေါင်း၍ စက်တင်ဘာ ၁၂ ရက်က ပြည်မြို့ ခုတင်၅၀၀ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းနေမှုကို ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင်တို့က အားပေးစကားပြောကြားပြီး အာဟာရဖြည့်အစားအစာများနှင့် ဆေးဝါးများပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ အမှတ် (၈)တပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ တိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့၊ အမှတ်(၈)တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သူရိန်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့် အစားအစာများ ပေးအပ်စဉ်။ သက်ထက်



၂၀၂၅ခုနှစ် အောက်တိုဘာ(၁)ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးခိုင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက သာယာဝတီခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၂ ရက်က စုပေါင်းသွေးလှူဒါန်းနေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ခရိုင်(ပြန်/ဆက်)

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ-----၊ ၂၇ နှစ်သည် မူဆယ်မြို့ရှိအစ်မဖြစ်သူထံ သွားရောက်နေထိုင်ပြီး အလုပ်အကိုင်ရှာဖွေခဲ့ရာ ဒေါ်မာလာနှင့်တွေ့ဆုံခင်မင်ခဲ့ပြီး ဒေါ်မာလာမှ တရုတ်ယောကျ်ားယူလျှင် တရုတ်ယွမ် ၁၅၀၀၀ ခန့်ရမည်ဟု စည်းရုံးပြောဆိုရာ သိန်းဇော်လတ် (ခ) ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်း၊ စိုင်းအောင်သိန်း၊ နှင်းဝေဦးတို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစား ဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မရဲစခန်း (ပ) ၁၁၀/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိန်းဇော်လတ်(ခ)ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်းနှင့် စိုင်းအောင်သိန်းတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မာလာ၊ နှင်းဝေဦးနှင့် ဒေါ်ပခမ်းတို့သုံးဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ -----၊ ၂၂/ ၂၀၂၅ နှစ်အား အမည်မမှတ်မိ Tik Tok အကောင့်တစ်ခုမှ တရုတ်ယောကျ်ား By one လုပ်ရမည်၊ ၆ လမှ ၁ နှစ်ခန့် နေထိုင်ပေးရမည်၊ မြန်မာငွေကျပ် သိန်း ၆၀ ရရှိမည်၊ စရိတ်ငြိမ်းပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မူဆယ်မြို့သို့ရောက်သောအခါ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးမှ ထက်ထက်လှိုင်(ခ)မထက်ထံ ပို့ဆောင်ပေးခဲ့ပြီး ထက်ထက်လှိုင်(ခ)မထက်မှ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ) အန်တီသက်နှင့် သက်သက်အေး(ခ)မသက်တို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစား ဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း၊ တရုတ်ယောကျ်ားနှင့်တစ်လခန့် ပေါင်းသင်းနေထိုင်ရပြီး ငွေကြေးတစ်စုံတစ်ရာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာခဲ့ပြီး စိုင်းအောင်သိန်းထံ အကူအညီတောင်း၍ မြန်မာနိုင်ငံသို့ပြန်လာခဲ့ကြောင်း၊ စိုင်းအောင်သိန်းမှ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခ ယွမ် ၁၃၀၀၀ တောင်းရာ မပေးနိုင်သဖြင့် နေအိမ်တွင် ပိတ်လှောင်ထားပြီး မကြာမခဏရိုက်နှက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းများ ပြုလုပ်ခဲ့ရာ ပတ်ဝန်းကျင်ရှိ လူများရောက်ရှိလာသဖြင့် လွတ်မြောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မရဲစခန်း (ပ) ၁၀၉/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ)အန်တီသက်နှင့် သက်သက်အေး(ခ) မသက်တို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ထက်ထက်လှိုင်(ခ)မထက်နှင့် ပခမ်းတို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နေ မ -----၊ ၂၀/ ၂၀၂၅ နှစ်အား ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်မှ လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu accမှတစ်ဆင့် တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ရမည်၊ တရုတ်အမျိုးသားနှင့် တစ်နှစ်ပေါင်းသင်းရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့ လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့တွင် အေးမြတ်မွန် ချိတ်ဆက်ပေးထားသည့် ပွဲစား မအောင်မီး(ခ) ပီဆိုင်းအွန်က လာကြိုပြီး ၎င်းပေါင်းသင်းရမည့် တရုတ်ယောကျ်ားနှင့်တွေ့ဆုံရန် တရုတ်နိုင်ငံ ရွှေလီမြို့သို့ပို့ဆောင်ခဲ့ကြောင်း၊ ရွှေလီမြို့တွင် တရုတ်ယောကျ်ားနှင့်တွေ့ဆုံပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ပြီး နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန် စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်း (ပ) ၃၁/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ အေးမြတ်မွန်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မအောင်မီး (ခ) ပီဆိုင်းအွန် ကို ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်းသိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်နေ မ -----၊ ၂၅/ ၂၀၂၅ နှစ်အား တစ်ရွာတည်းနေ အစ်မဝမ်းကွဲဖြစ်သူ မအိဖြူစိုးမှ တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ် သိန်း ၄၀၀ ရမည်၊ တရုတ်နိုင်ငံ ဝူဟန်မြို့နေ ၎င်းတို့အစ်မတစ်ဝမ်းကွဲတော်စပ်သည့် မသင်းသင်းစိုးထံသို့ wechatမှတစ်ဆင့် ၎င်း၏ဓာတ်ပုံများ ပေးပို့ထားကြောင်း၊ မသင်းသင်းစိုးမှ ဝူဟန်မြို့မှ မန္တလေးမြို့သို့ လာရောက်၍ ၎င်းအားတရုတ်နိုင်ငံသို့ ခေါ်ဆောင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ပေးရန် စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မဟာအောင်မြေမြို့နယ်၊ အမှတ်(၉)မြို့မရဲစခန်း (ပ) ၅၈/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံ သင်းသင်းစိုးနှင့် အိဖြူစိုးတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက (၁၅၅)၊ (၁၁၀) ရပ်ကွက်များ၌ ဆောင်ရွက်ကြသည်။


ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၁) ဦးအောင်ကျော်မြင့်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနည်း အသိပညာပေးခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးနည်း အသုံးပြုပုံ၊ အသုံးပြုနည်းများအား ရှင်းလင်းပြသပေးပြီး တက်ရောက်လာသော ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်သည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်း လက်တွေ့သရုပ်ပြခြင်းကို ကျန်ရှိနေသည့် ရပ်ကွက်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**






◆ *ကျော့ဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုခြောက်ပွဲအနက် နှစ်ပွဲကစားထားပြီးဖြစ်သောကြောင့် ကျန်လေးပွဲကို ယခုနှစ်တွင် သုံးပွဲ၊ ၂၀၂၆ ခုနှစ်တွင် တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း အာရှဖလားခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်ကာ နောက်ဆုံးပွဲကိုမူ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကစားပြီးသည့်နှစ်ပွဲစလုံး အနိုင်ရထားပြီး အာဖဂန်နစ္စတန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး၊ ပါကစ္စတန်အသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု (E) တွင် ဆီးရီးယားအသင်းနှင့် မြန်မာအသင်းက ခြောက်မှတ်စီရထားပြီး အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အသင်းမှာမူ အမှတ်မရသေးပေ။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစစ်ပွဲကစားရန်မရှိသဖြင့် စင်ကာပူလက်ရွေးစင်အသင်းနှင့် စက်တင်ဘာ ၉ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွင်းပိတ် ခြေစမ်းပွဲကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့သည်။

**သော်လေး**

# ဘိုကလေးမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ဘိုကလေး စက်တင်ဘာ ၁၄**

ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက လူငယ်စကားဝိုင်း ကျင်းပသည်။

စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် Book Club အဖွဲ့ဝင် စာရေးဆရာမ ကလောင်ရှင် အလင်းနတ်သမီးတို့က နယ်စပ်ဒေသ တိုင်းရင်းသား သင်တန်းသား သင်တန်းသူလူငယ်မောင်မယ်များနှင့်အတူ "လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ဝါသနာ၊ လူငယ်နှင့် အောင်မြင်မှု" စသော ခေါင်းစဉ်များဖြင့် လူငယ်များအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာ၊ လေ့လာမှတ်သားစရာများကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းသို့ ဘိုကလေးမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသူ သင်တန်းသား လူငယ်မောင်မယ်များ တက်ရောက်ကြကြောင်း သိရသည်။

**အောင်အောင်(ဇေယျာမြေ)**



# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် မြိတ်မြို့၊ ကမ်းနားလမ်း၊ ကွက်သစ်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၈၄၂၇၂** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၂ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၈၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၀၊ လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၇၇၄၁၈)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hijet တစ်စီး၊ Toyota Toyoace Van တစ်စီး၊ Foton Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀)နှင့် သံရွာစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၄၁၇၄၁၈** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် ရွာငံမြို့နယ်အတွင်း၌ မော်တော်ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၇၇၁၇၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Hino Truck နှစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head လေးစီး၊ Scania Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ DAF Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၀၀၀၀၀၀)၊ စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၇၁၇၅၅၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၇၈၆၀၀၀)ကို လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး၊ Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ခြံဝင်းအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၄၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၆၂၆၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၆၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၃၇၄၅၂၄၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

## ဒိုက်ဦးမြို့နယ် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် လေ့လာဆန်းစစ်ခြင်း အခမ်းအနားကျင်းပ

**ဒိုက်ဦး စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စစ်ဘိုကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို လေ့လာဆန်းစစ်ခြင်း အခမ်းအနား ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားပြီး တိုင်းရင်းသား အခွင့်အရေးများကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုသီရိနိုင်အေးက တိုင်းရင်းသား အခွင့်အရေးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်မာသင်းက လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။



**ပြန်လည်ဖြေကြား**

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးလက်နေ ပြည်သူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အချက်အလက်များကို တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးတို့က ပြန်လည်ဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**မောက်မယ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသား လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ တိုးပွားစေရန်နှင့် စာပေမှရသောအသိအမြင် ဗဟုသုတများကို လူမှုဘဝတွင် ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်၍ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့်ပူးပေါင်းပြီး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်က စာဖတ်ဝိုင်း ကျင်းပသည်။



**လေ့လာကြည့်ရှု**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်မိုင်က စာရေးသူ "မိုးပန်းမွှန်" ရေးသားသည့် ရွှေရောင်လူငယ်နှင့် ရွှေရောင်အနာဂတ်စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများကို တက်ရောက်လာသည့် စာပေချစ်သူများနှင့် အပြန်အလှန်ဖတ်ကြားဆွေးနွေးခဲ့ပြီး ပြသထားသည့် ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး

**ကွမ်းခြံကုန်း စက်တင်ဘာ ၁၄**

ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က အင်္ဂလုံးကျေးရွာတောင်သူ ဦးမြင့်ဦး၏ လယ်မြေနှင့် ကမာပါကျေးရွာ တောင်သူဦးဝင်းကြည်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုမြေသြဇာရရှိမှု၊ သီးနှံပေါ်ပေးစာချုပ်ချုပ်ဆို၍ အပြည့်အဝပြန်လည်ပေးဆပ်ရန်၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပါးသက်ရက်အလိုက် ဓာတ်မြေသြဇာ စနစ်တကျကျွေးခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းနှင့် သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်က မိုးစပါးပန်းတိုင်ရရှိရေးအတွက် မြေ၊ မျိုး၊ မိုး၊ နည်း၊ ဆောင်ရွက်ရမည့် အချက်များ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြေသြဇာကြဲပက်နေမှုအား ကြည့်ရှုအားပေးရာ တောင်သူများ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**



## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ စက်တင်ဘာ ၁၄**

သထုံမြို့နယ်၌ လူငယ်စကားဝိုင်းကို ယမန်နေ့ ညနေက လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ) မှ Grade–11 နှင့် Grade –10 ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အောင်မြင်မှု၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်တစ်ယောက် လျှောက်သောလမ်း ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များတို့ကို ဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**



## အမရပူရမြို့နယ်၌ လှေဦးတိုက်ပွဲတော်နှင့် လှေလှော်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**အမရပူရ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ဧရာဝတီမြစ်ကမ်းပါး၌ တည်ထားကိုးကွယ်တော်မူထားသော ရွှေကြက်ကျဘုရား၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေဦးတိုက်ပွဲတော်ဖွင့်ပွဲနှင့် လှေလှော်ပြိုင်ပွဲအခမ်းအနားကို ယမန်နေ့နံနက်က အဆိုပါဘုရားရှေ့တွင် ကျင်းပရာ ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၄ ရွာမှ လှေလှော်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက အမှာစကားပြောကြားပြီး ရွှေကြက်ယက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လှေဦးတိုက်ပွဲတော်နှင့် လှေလှော်ပြိုင်ပွဲကို အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်၊ ဘုရားဂေါပကဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အမရပူရမြို့ပြစီမံကိန်းတာဝန်ခံ ဦးဇော်ရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးသီဟ(အမရ)**




## မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းစု (လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၄**

မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းစု (လီမိတက်)၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်း သဘာပတိ ဦးကျော်ကျော်က မြို့နယ်သမဝါယမအသင်း၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် အသင်း၏ လုပ်ငန်းလည်ပတ်မှုများကို အရှိန်အဟုန်ကောင်းမွန်စွာဆောင်ရွက်နိုင်ရေး ကြိုးစားပေးရန် အမှာစကားပြောကြားပြီး ရေဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄–၂၀၂၅ ခုနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်း အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများကို ဖတ်ကြားရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသူများထံက အတည်ပြုချက်ရယူခဲ့သည်။ ဆက်လက်၍ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ပွဲအား တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်လွင်စိုးအဖွဲ့က တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီအဖြစ် ဆက်လက်ဆောင်ရွက်ပြီး တက်ရောက်လာကြသောအသင်းကိုယ်စားလှယ်များအား လက်ဆောင်ပစ္စည်းများနှင့် အစုပေါ်အမြတ်ငွေများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## လွိုင်ကော်မြို့၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြော

**လွိုင်ကော် စက်တင်ဘာ ၁၄**

ကယားပြည်နယ် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စိစစ်ခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၁ ရက်က လွိုင်ကော်မြို့ နွားလပိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကယားပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် စစ်တမ်းကောက်ယူခြင်းဖြင့် တိုင်းရင်းသားများ၏ ဘဝအသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်သည့်ပညာရပ်များရရှိနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိန်စိန်မော်က လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး



ဒေါ်နန်းမေစုအောင် က Media ၏ ကောင်းကျိုး၊ ဆိုးပြစ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်များအကြောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်ခြင်း စစ်တမ်းကောက်ယူခဲ့ရာ ပဒါးညေးကျေးရွာနေ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ရွှေကူမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြု

**ရွှေကူ စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများနှင့် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၁ ရက်က အဆိုပါကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်တွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲသို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၂၄ ဦး



ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၁၆၅ ဦးဖြင့် ၅၀ ဒသမ ၉၃ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။ အောင်မြင်သူများမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၆ ဦး ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၃ ဦးတို့အား တစ်ဘာသာလျှင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသောင်းနှုန်းဖြင့် လည်းကောင်း စေတနာထား၍ သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမ ၁၇ ဦးတို့အား ဂုဏ်ပြုခြင်းများကို အထက(၁) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် စေတနာရှင် အလှူရှင်များက စုပေါင်း၍ ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြော

**တောင်တွင်းကြီး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်



တန်းကျောင်း(ခွဲ) (ချောက်ကြား)သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထား ကြိုးစားရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူ ဖြစ်စေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက် အသိပညာပေး လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ၊ စာရေးဆရာကြီးများ၏ စာပေအဆိုအမိန့်များ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကာ တိုင်းရင်းသားရိုးရာ ကလေးစာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင် (ဗိသနိုးမြေ)**

## ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာသွင်းအားစုများ ဖြန့်ဖြူးရောင်းချ

**ရမည်းသင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရမည်းသင်းမြို့နယ် အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံမှ သိရသည်။

သွင်းအားအားစု ဓာတ်မြေ



ဩဇာများ ဖြန့်ဖြူးရောင်းချရာတွင် မြို့နယ်ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျေးလက်နေတောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ယခုလ ၃ ရက်မှစ၍ သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများ လက်ဝယ် အရောက် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူ ၁၄၂၈ ဦးအတွက် ယူရီးယားဓာတ်မြေဩဇာ အိတ် ၄၁၂၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၄၁၂၅ အိတ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။ **သူသူငြိမ်း**

## မြို့နယ်အချို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မင်းစုအခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်မားရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က အဆိုပါကျောင်းဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဆွေက အမှာစကားပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်များနှင့် နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြောင်း သိရသည်။ **တင်တင်ထွေး**



**ထန်းတပင်(ရန်ကုန်)**

ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ရရှိစေရန်ရည်ရွယ်၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၂ ရက်က အထက(ခွဲ)အတွင်းသဲဖြူကျောင်း၌ ကျင်းပသည်။

လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် လည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်မိုးဖြူဖြူသော်က တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် လည်းကောင်း၊ ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှုစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**




**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ LCIS International Preschool ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက မီးသတ်ဦးစီးဌာနရှိ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား စက်တင်ဘာ ၁၀ ရက်က လာရောက်လေ့လာကြည့်ရှုရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်ဦးစီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အဆိုပါမီးငြိမ်းပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြသစဉ်။**

အောင်ဇော်မင်း



## အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် ဈေးကွက်သစ်ရပ်ကွက်တို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှုသရုပ်ပြခြင်းများကို စက်တင်ဘာ ၁၀ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)နှင့် ဈေးကွက်သစ်ရပ်ကွက် အောင်မြေသာစံဓမ္မာရုံတို့၌ ပြုလုပ်သည်။



ပြည်တော်သာရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းစုဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့စမ်းသပ် ဆောင်ရွက်ကြပြီး အဆိုပါ အသိပညာပေးနှင့် စမ်းသပ်မဲပေးပွဲသို့ ညောင်ဦးခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅၂ ဦး တက်ရောက်ခဲ့ကြသည်။ **နေအောင်(ပြန်/ဆက်)**

## မြို့နယ်များ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း ဆောင်ရွက်



**ပိုင်ကျုံ**

ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို စက်တင်ဘာ ၁၁ ရက်က ပိုင်ကျုံမြို့ ကမာခိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများ သိသင့်သိထိုက်သောအချက်အလက်များနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မဲပေးစက်ဖြင့် မဲပေးပုံ/မဲပေးနည်းစနစ်များအား ရှင်းလင်းပြောကြားကာ ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းကို စိတ်ပါဝင်စားစွာ လက်တွေ့လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **နော်ခူး(ပြန်/ဆက်)**



**မိုင်းယန်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ဟောကန်ရပ်ကွက်အတွင်းရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဆမ်ကျောက်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာများကို အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းဟောပြောသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းထူး**

## မိုင်းပျဉ်းမြို့ အထကကျောင်း၌ ကျောင်းတွင်းသင်ထောက်ကူပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်း သင်ထောက်ကူပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်က အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားပြောကြားပြီးအခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများက အုပ်စုလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျောင်းသင်ခန်းစာပါ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ပါဝင်ယှဉ်ပြိုင်ကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**နန်းသန္တာဦး(ပြန်/ဆက်)**

## မိုင်းဆတ်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ကျဒယ်)၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မိုင်းဆတ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့နယ်လူငယ်ရေးရာကော်မတီကကြီးမှူး၍ စက်တင်ဘာ ၁၂ ရက်က အခြေခံပညာအလယ်တန်းကျောင်း (ကျဒယ်)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးမြင့်တင်က အားကစားနှင့် ကျန်းမာရေးခေါင်းစဉ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးဝင်းက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇင်လတ်က မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းခေါင်းစဉ်၊ မြို့နယ်ပညာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်မင်းသက်က လူငယ်နှင့်ပညာရေး ခေါင်းစဉ်တို့ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသားကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ် ပဇင်ကျယ်ကျေးရွာ၌ ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေး ကွင်းဆင်းဆောင်ရွက်

**ပေါက်ခေါင်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပဇင်ကျယ်ကျေးရွာ၌ စက်တင်ဘာ ၁၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားရောဂါကူးစက်မှု ပပျောက်ရေး၊ ကပ်ရောဂါ အသွင်မဖြစ်ပွားစေရေး၊ ခြင်ကိုက်ရာမှတစ်ဆင့် ကူးစက်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးမြတ် ဦးဆောင်၍ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနနှင့် ဓမ္မသော် ကျေးလက်ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက ပဇင်ကျယ်ကျေးရွာတွင် ငှက်ဖျားရောဂါကူးစက်မှု ပပျောက်ရေး၊ ကပ်ရောဂါ အသွင်မဖြစ်စေရေး၊ ခြင်ကိုက်ရာမှတစ်ဆင့် ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ငှက်ဖျား သွေးဖောက်စစ်ဆေးပေးခြင်း၊ ထိရောက်သော ကုသမှုပေးခြင်း၊ တာရှည်ခံဆေးစိမ် ခြင်ထောင်များ ဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာရှိ အထက(ရွှေကြက်ယက်)၌ အမရပူရမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဒေတပ်ဖွဲ့ဝင် ငါးဦးဖြင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကို စက်တင်ဘာ ၁၂ ရက်က မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြစဉ်။ မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-6)

### Section (A) Listening

I. **Match the adjectives in Column A with their meanings in Column B.** (5 marks)

| Column A | Column B |
|---|---|
| 1. alone | A. surprising and not planned |
| 2. early | B. having a pleasant and relaxed feeling |
| 3. frightened | C. strong or intense |
| 4. nervous | D. affected by a spinning or unsteady feeling |
| 5. comfortable | E. feeling afraid |
| 6. unexpected | F. done before the usual time |
| 7. severe | G. feeling worried or uneasy |
| 8. dizzy | H. tasty and appealing to eat |
| 9. mouth-watering | I. loved very much |
| 10. beloved | J. without anyone else |

### Section (B) Reading

II. **Choose the appropriate words or phrases to complete the sentences.** (5 marks)

1. Last summer, I went to visit my grandparents in ........
   A. Mandalay B. Myeik C. Yangon
2. My dad arranged for me to take a ............
   A. bus B. boat C. flight
3. I arrived at the airport ............ hours early.
   A. two B. three C. one
4. I checked in at the registration ............
   A. station B. counter C. platform
5. I got a window ............
   A. seal B. sheet C. seat
6. I sat in the airport ............ waiting to board.
   A. hall B. shop C. lobby
7. My flight was ............ due to bad weather.
   A. delayed B. cancelled C. early
8. After waiting for about five hours, we ........ the plane.
   A. left B. boarded C. repaired
9. On board, I buckled my ............
   A. shoes B. seat belt C. coat
10. I heard a ............ under my feet.
   A. knock B. song C. rumble

### Section (C) Writing

III. **Fill in the blanks with the correct words. The first letters are given to help you.** (5 marks).

1. Last s..........., I went to visit my grandparents.
2. My grandparents live in M...........
3. My d........... arranged for me to take a flight.
4. I arrived at the Yangon International A........... two hours early.
5. I checked in at the registration c...........
6. I got a window s...........
7. I sat in the airport l........... waiting to board.
8. My flight was d........... because of bad weather.
9. All the p............ finally boarded the plane.
10. On board, I b............ my seat belt.
11. I heard a r............ under my feet.

**Answer Keys**

I. 1. J 2. F 3. E 4. G 5. B 6. A 7. C 8. D 9. H 10. I

II. 1. B. Myeik 2. C. flight 3. A. two 4. B. counter 5. C. seat 6. C. lobby 7. A. delayed 8. B. boarded 9. B. seat belt 10. C. rumble

III. 1. summer 2. Myeik 3. dad 4. Airport 5. counter 6. seat 7. lobby 8. delayed 9. passengers 10. buckled 11. rumble

## Grade-10 (Unit-6)

I. **Complete the exchanges, using the expressions given in the box. There is an extra.** (5 marks)

| |
|---|
| I'm looking for a part-time job. |
| It's a great opportunity! |
| I just received my degree from university. |
| It's so uncomfortable. |
| Where is the nearest hotel? |
| Are you ready to go out? |

A : ....... (1) ........ Can you help me?

B : Of course! What kind of job are you interested in?

A : I've been considering studying abroad. What do you think?

B : ....... (2) ........ You should go for it.

A : I can't stand this hot weather anymore. ....... (3) ........

B : I agree, it's quite frustrating. We need some cooler days.

A : ....... (4) ........ We don't want to be late.

B : Yes, I'm all set. Let's head out right away.

A : ....... (5) ........ I'm so proud.

B : Congratulations! All your hard work has paid off. Well done!

**Answer Keys**

I. 1. I'm looking for a part-time job.
2. It's a great opportunity!
3. It's so uncomfortable.
4. Are you ready to go out?
5. I just received my degree from university.

## Grade-11 (Unit-6)

I. **Complete the sentences with the appropriate words. The initial letters are given.** (10 marks)

1. Myanmar is known as "The G............ Land."
2. The c............ city of Myanmar is Nay Pyi Taw.
3. Shwedagon, Sule, and Botahtaung are Historic P............ in Yangon.
4. The A............ River is the lifeblood of Myanmar.
5. Bagan is famous for more than 2,500 o............ pagodas.
6. The capital of the Philippines is M............
7. Puerto Princesa Subterranean River is a UNESCO W............ Heritage Site.
8. White Beach is located on B............ Island.
9. The B............ R............ T............ are carved into mountains in the Philippines.
10. The C............ Hills are rock formations that turn brown in the dry season.
11. Singapore is a C............-I............-N............
12. The S.E.A. Aquarium in Sentosa displays 800 s............ of marine life.
13. The G............ by the B............ is known for its Super Tree Grove.
14. Jurong Bird Park has the world's tallest m............ w............
15. The Singapore B............ Gardens is a UNESCO site.
16. Bangkok is a S............ Paradise and capital of Thailand.
17. C............ is a historic cultural centre in northern Thailand.
18. Sukhothai is the b............ of Thai art and language.

**Answer Keys**

I. 1. Golden 2. Capital 3. Pagodas 4. Ayeyarwady 5. old 6. Manila 7. World 8. Boracay 9. Banaue Rice Terraces 10. Chocolate 11. City-Island-Nation 12. Species 13. Gardens by the Bay 14. Man-made Waterfall 15. Botanic 16. Shopper's 17. Chiang Mai 18. Birthplace

## Grade-12 (Unit-6)

I. **Complete the sentences with the appropriate words. The initial letters are given.** (10 marks)

1. We, h............, are considered to be the most intelligent species in the world.
2. From time i............, we have made our dreams a reality.
3. Great advances in t............ have made our life easier.
4. The term 'a............' was coined in 1956.
5. Professor John McCarthy was a c............ from Stanford University.
6. AI is a branch of c............ that focuses on creating intelligent machines.
7. AI is a machine's ability to perform c............ like humans.
8. AI machines can p............, reason, and solve problems.
9. One goal of AI is to e............ communication between humans and machines.
10. The First Industrial Revolution began in the e............ century.
11. The S............ is also called the Technological Revolution.
12. The Third Industrial Revolution began around 1.........
13. We are now living in the F............ Era.
14. Text editors help us with w............
15. Auto-correction fixes our s............

**Answer Keys**

I. 1. human beings 2. immemorial 3. technology 4. artificial intelligence 5. computer scientist 6. computer science 7. cognitive functions 8. perceive 9. enhance 10. eighteenth 11. Second Industrial Revolution 12. 1970 13. Fourth Industrial Revolution 14. word processing 15. spelling mistakes

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

အာရှ-ပစိဖိတ်ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အေပီတီ) Asia Pacific Tele Community ၏ ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ဦးဆောင်ကျင်းပသည့် နိုင်ငံအဆင့် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဒိုင်အဖွဲ့ဝင် ဒေါက်တာ အေးအေးသင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ၁၀ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အာရှ-ပစိဖိတ်ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အေပီတီ) အထွေထွေအတွင်းရေးမှူးချုပ် Dr.Masanori Kondo ၏ ဂုဏ်ပြုအမှာစကားကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက အမှာစကားပြောကြားပြီး ဆုပေးပွဲကိုကျင်းပရာ Cybersecurity Chatbot Champion Award ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY) မှ Dev Greek အဖွဲ့ကလည်းကောင်း၊ Most Innovative Security Chatbot Award ဆုကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (UIT) မှ IT Pout Sa အဖွဲ့ကလည်းကောင်း၊ People's Choice Award ဆုကို STI Colle-ge မှ I nnolgniters @ STI ကလည်းကောင်းရရှိရာ ဒုတိယဥက္ကဋ္ဌက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲဝင် Top Ten Finalist နှင့် ပြိုင်ပွဲဝင်များအား Certificate of Achievement နှင့် Certificate of Participation ကိုပေးအပ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းဦးက အကဲဖြတ်ဒိုင်များနှင့် ပံ့ပိုးကူညီကြသည့်ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်များအား အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု အကြိမ် ၁၀၁၅ ကြိမ်ရှိလာ

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ရော၀တီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်း၌ မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှုများ များပြားလာလျက်ရှိရာ ဆင်စာဘူဖေးကျွေးမှု ၁၀၁၅ ကြိမ် ရှိလာပြီဖြစ်ကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာ ဆင်စခန်းတွင် မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလျက်ရှိပြီး ဆင်စာဘူဖေးကျွေးသူများပြားလာလျက်ရှိရာ ၁၀၁၅ ကြိမ်အထိ ဆင်စာဘူဖေးကျွေးမှုများပြားလာပြီး နောက်ထပ်ကျွေးမွေးရန် အွန်လိုင်းမှလည်း ကြိုတင် ချိတ်ဆက်မှုများလည်း ရှိနေသေးကြောင်း ဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုအထိ ဖွင့်လှစ်ထားရှိထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ပလင်းကမ်းသာယာဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးချစ်ကိုကို ဖုန်း ၀၉-၂၅၆၃၂၅၀၉၉ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဒီပါလင်း**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ရေနံချောင်းမြို့ သစ်တပွေရပ်ကွက် ရွှေဘုံသာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေရဲစခန်းများမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ အမှတ်(၅)လုံခြုံရေးနှင့် ကွပ်ကဲမှုအဖွဲ့ခွဲမှူးယာယီရဲမှူးကြီး လှိုင်မင်းထွန်း ဦးဆောင်၍ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။ မြို့နယ်(ပြန်/ဆက်)



# တိုက်ကြီးမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**တိုက်ကြီး စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုက်ကြီးမြို့နယ်ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ ပန်းခင်းစီမံချက်(၃)အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric Data ကောက်ယူ၍ UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီးနီးဘုရားဓမ္မာရုံ၌ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရှမ်းစုရပ်ကွက်အတွင်း နေထိုင်သူ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက် စကားတောင်ဘုရားစေတီတော် ပရိဝုဏ်အတွင်း ရေးမြို့နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖြိုးဇေယျာစိုးတို့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဥာဏ်ထွန်း ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ရှင်းသန့်ဖြူ(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ပြည်သူ့ဆေးရုံ၌ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးထွန်းဝင်းနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းသန္တာဖြူတို့က အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။ ကျော်ဝင်း(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ငွေစု၊ ငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သစ္စာ ငွေစု၊ ငွေချေးသမဝါယမအသင်း၏၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်က အသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်က ဆောင်ရွက်ပြီး အသင်းတိုးတက်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးနှစ်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများအား ဖတ်ကြားပြီး တက်ရောက်လာသူများအား အသင်းသားလက်ဆောင်ပေးအပ်ခြင်းနှင့် အစုပေါ် အမြတ်၊ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ညောင်ဦးမြို့နယ်၌ ပဲစင်းငုံ ၁၃၁၈၉ ဧက စိုက်ပျိုးထားရှိကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ ကြဲပက်စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းများ မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ အောင်မြင်ဖြစ်ထွန်းကာ ပဲစင်းငုံခုတ်သိမ်းချိန် အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေကြောင်း ရှင်မိန်ကျေးရွာ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများက ပြောကြားသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ် တစ်မြို့နယ်လုံး ပဲစင်းငုံ ၁၃၁၈၉ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှုကောင်းမွန်နေပြီး ပဲစင်းငုံပေါ်ချိန် ဈေးကောင်းရရန် ကျေးလက်တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

**ဒီပါလင်း**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေး၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမန်ဗျက်ကုန်းတို့က ဖြည့်စွက်စာများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က တနင်္သာရီမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်တို့ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သီသီခိုင်(တနင်္သာရီ)



❑ *ကျောဖုံးမှ*

သုံးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခုနစ်ဂိုးပြတ်၊ Kyaung Sayar Thar Htwe အသင်းက Victoria အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး King Cobra အသင်းနှင့် SGF အသင်း ဂိုးမရှိသရေကျခဲ့သည်။ Kyaung Sayar Thar Htwe အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ချန်ပီယံဆုရရှိထားခြင်းဖြစ်ပြီး လက်ကျန်ပွဲများတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ကာ ၂၂ ပွဲကစား ၂၁ ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ၆၄ မှတ်ဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုရာသီတွင် ယူ-၁၉ နှင့် ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲများ စတင်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ မလိခအသင်းက ဆုဖလားနှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ပြည့်ဘုန်းဟိန်း (Golden Boys အသင်း)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ဇင်ကိုကို ( Kyaung Sayar Thar Htwe အသင်း) တို့က ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်ငါးသိန်းစီ၊ စတုတ္ထဆုရရှိသော Victoria အသင်းက ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုရရှိသော Golden Boys အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော Pacific Sun Far အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀၊ ပထမဆုရရှိသည့် Kyaung Sayar Thar Htwe အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား ရရှိသည်။

ပြိုင်ပွဲအပြီးတွင် Kyaung Sayar Thar Htwe အသင်းက ရမှတ် ၆၄ မှတ်ဖြင့် ချန်ပီယံဆု၊ Pacific Sun Far အသင်းက ၅၄ မှတ်ဖြင့် ဒုတိယ၊ Golden Boys အသင်းက ၄၅ မှတ်ဖြင့် တတိယရရှိပြီး ယင်းသုံးသင်းနောက်တွင် Victoria အသင်းက ၃၇ မှတ်၊ SGF အသင်းနှင့် King Cobra အသင်းက ၃၆ မှတ်စီ၊ Avengers Junior အသင်းက ၂၉ မှတ်၊ Jullniss အသင်းက ၂၅ မှတ်၊ မလိခအသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ကိုးမှတ်၊ TKA Star အသင်းက ခုနစ်မှတ် ရရှိသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MFF**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

○ *ကျောဖုံးမှ*

တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ သတင်းဆက်စပ်ဖော်ထုတ်ခြင်းများဖြင့်လည်း ဒေသအလိုက် အကြမ်းဖက်မှု လျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုနှင့် အခြားဆက်စပ်သတင်းဖော်ထုတ်မှုများအရ PDF အမည်ခံ အကြမ်းဖက်သမားဖြစ်သူ သန်းလွင်ဆိုသူသည် ရဟန်းသံဃာအယောင်ဆောင်၍ လက်နက်/ခဲယမ်းများအား ဖြူးမြို့နယ် ကျောက်တိုင်ကျေးရွာမှ သယ်ဆောင်ကာ ဇယားကျေးရွာအား ဖြတ်သန်း၍ ၎င်းမှတစ်ဆင့် အုတ်တွင်းမြို့နယ် ကွဲပွဲမြို့အနီး(သို့မဟုတ်) ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၈/၂ သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြူးမြို့နယ် ညောင်ပင်သာ ကျေးရွာအနီး စောင့်ဆိုင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တိုင်ကျေးရွာဘက်မှ ညောင်ပင်သာကျေးရွာဘက်သို့ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင် မောင်းနှင်လာသည့် ယာဉ်အမှတ်၊ RLG / 1412၊ X-Trail အနက်ရောင် လိုင်စင်မဲ့ယာဉ်အား ယာဉ်၏ကိုယ်ထည်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်မျိုးစုံ ကိုးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံအကြမ်းဖက်သမားအား ဝိနည်းခမ္မကံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူဝတ်လဲ၍ စစ်ဆေးမေးမြန်း သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ အဆိုပါလက်နက်ခဲယမ်းများကို လာရောက်ယူဆောင်မည့်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၇/၆ အနီး၊ လမ်း၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသူ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။





မော်တော်ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများအား တွေ့မြင်ရစဉ်။





ထိုကဲ့သို့ အပြန်အလှန်ထိတွေ့မှုဖြစ်ပွားနေချိန်တွင် ဖမ်းဆီးရမိ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံအကြမ်းဖက်သမား သန်းလွင်သည် အခွင့်ကောင်းယူထွက်ပြေးရန်ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန်ပြောကြားခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သန်းလွင်သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သက်ဆိုင်ရာဒေသခံများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကာ ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား ယခုကဲ့သို့ အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်/ ခဲယမ်းများကို အချိန်မီဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ဖခင်အမည်မှန်

အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကြည့်မြင်တိုင်မြို့နယ်၊ Grade-12 မှ မအိအိဝင်း ၁၄/သပန(နိုင်) ၁၆၈၁၁၀ ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၉၈)၊ အခန်း(၆)၏ ပိုင်ရှင် ဦးဇော်ဝင်းဆွေ ၇/ပခန(နိုင်)၁၆၅၅၄၉ – ဒေါ်သန်းသန်းဝင်း ၇/ပခန(နိုင်)၁၆၇၀၂၁ နှစ်ဦးအမည်ပေါက်ပိုင်ဆိုင်ပြီး ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းဆွေမှာ ၂၆–၁၁–၂၀၂၄ ရက်တွင် ကွယ်လွန်သည့်အတွက် ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်း ထံမှဝယ်ယူသူ ဦးအောင်ဝေ ၃/ကကရ(နိုင်)၀၄၆၉၉၆ က ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း**
**ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၃၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၈၆)၊ မြေဧရိယာ (၀ ဒသမ ၁၄၃) ဧကေ အပိုင်းကို မူလက ဒေါ်သောမဝူး အမည်ဖြင့် (၃၀–၆–၂၀၂၃)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဒေါ်သောမဝူးထံမှ ဦးပိုင်(၈၆/ခ)၊ မြေဧရိယာ(၀ ဒသမ ၀၆၄)ကေအပိုင်းကို ဦးလာမာဇာလူက (၅–၈–၂၀၂၅) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၈၁/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးလာမာဇာလူ ၁/မကန(နိုင်)၁၁၅၀၂၈ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 20U/9857 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3S/2880 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ဒုတိယအကြိမ်အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ တန့်ဆည်မြို့၊မဟာမြိုင်ရပ်ကွက်နေ ဦးအုန်းမောင် –ဒေါ်လှမြွေးပိုင်ဆိုင်သော ကွင်းအမှတ်(၁၁၁၄)၊ ရွှေကတောဘုရားကွင်း၊ ဦးပိုင်အမှတ်(၁၃၆ᵃ/၉)၊ ဧရိယာ ၀ ဒသမ ၁၁ဧကရှိ မြေနှင့် အဆောက်အအုံများကို ပိုင်ရှင်ကိုယ်တိုင်ရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ၁၅–၉–၂၀၂၅ရက်မှ ၁၅–၁၀–၂၀၂၅ရက်တွင်အချိန်မီကန့်ကွက်နိုင်ပါရန် ကြေညာအပ်ပါသည်။ **ဦးအုန်းမောင်–ဒေါ်လှမြွေး ဖုန်း–၀၉–၉၅၆၃၀၆၆၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/1146 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ ယုဝလမ်း၊ မြေကွက်အမှတ်(၅၁၁/ခ) ဟုခေါ်တွင်သည့် ဦးအောင်မြင့် အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်း အဆက်အစပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီလွင် ၁၂/ဒဂရ(နိုင်)၀၀၄၄၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါမြင့် ၁၂/ဒဂမ(နိုင်)၀၁၄၁၃၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏အချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုလျှင် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၈၃)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉ ၄၂၀၀၅၁၇၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁က၊ ရမ်ပူမြောက်)၊ ဦးပိုင်အမှတ် (၁၀/က)၊မြေဧရိယာ၀ ဒသမ ၀၆၆ဧကရှိမြေကွက်သည် မူလက ဦးဇော်မင်း၊ ဒေါ်ခမ်းလင်းအမည်ဖြင့် ၂၂–၆–၂၀၅၂ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးဇော်မှိုင်း(ခ) ဦးဇော်မင်း၊ ဒေါ်ခမ်းလင်းတို့ထံမှ ဦးမောင်မောင်သန်း၊ ဒေါ်ချောမေတို့က ၂၈–၇–၂၀၂၅ ရက်စွဲပါစာအမှတ်(၂၇၄/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးမောင်မောင်သန်း ၁၃/ကမန(နိုင်)၀၇၆၄၇၀၊ ဒေါ်ချောမေ ၁/မညန(နိုင်) ၁၅၄၄၀၁ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၆)ရပ်ကွက်၊ မြေကွက်အမှတ်(209)(ခ)၊ စိန်ရတနာ(၄)လမ်း၊ ပေ(၂၀ x ၆၀) (၃)ထပ်တိုက် (ဂရန်မြေကွက်)၊ ရေမီးစုံ(ရေမော်တာအပါ)၊ ဒေါ်စန်းစန်းအေး အမည်ပေါက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သင်းနုလှိုင် ၁၂/ဗတထ(နိုင်)၀၃၆၀၉၅ မှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ကျွန်ုပ် ဒေါ်ပိုးအိဖြူ ၁/မကန(နိုင်)၁၂၉၀၅၆နှင့်ဒေါ်ခင်စိန်ကြည် ၁/မကန(နိုင်)၀၁၇၄၄၉ မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကိုကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပိုးအိဖြူ၊ ဒေါ်ခင်စိန်ကြည်**
**ဖုန်း–၀၉–၇၇၄၄၄၃၇၈၃၊ ၀၉–၂၄၀၂၄၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ (အောင်ဇေယျကွင်း)၊ ဦးပိုင်အမှတ်(၁၅၆၊ ၁၅၇၊ ၁၅၈)၊ ဧရိယာ ၀ ဒသမ ၂၀၄ ဧကရှိမြေကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမည်ဖြင့် ၂–၁၁–၁၉၉၂ မှ ၂၆–၁၁–၂၀၂၂ရက်ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဌာနပိုင်မြေအဖြစ် အခမဲ့ မြေလွှဲမိန့် ခွင့်ပြုချထားပေးပါရန် ပြောင်းလဲ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေလွှဲမိန့် ရရှိရေးထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ် အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အာသာဝတီလမ်း၊ တိုက်(၁)၊ (၃)လွှာ(အေ)နေ ဦးသိန်းဘို(ကွယ်လွန်)၁၂/သဃက(နိုင်)၁၄၀၁၀၉– ဒေါ်နီနီအောင် ၁၂/သဃက(နိုင်)၁၂၅၀၈၂ တို့၏သား မောင်ထွန်းနိုင်ဘို (ခ) ဘီလားလ် ၁၂/သဃက(နိုင်)၂၀၁၄၃၀ သည် မိခင်အား အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ဒုက္ခအမျိုးမျိုးပေးကာ ၂၇–၈–၂၀၂၅ ရက်တွင် အိမ်ပေါ်မှဆင်းသွားပါ၍ ၎င်းအား မိခင်ဖြစ်သူက ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ် အမွေပြတ်စွန့်လွှတ်ကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။ နောက်နောင်တွင် မောင်ထွန်းနိုင်ဘို(ခ)ဘီလားလ်နှင့်ပတ်သက်သော ကိစ္စအဝဝအား မိခင်မှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ–** | **ညွှန်ကြားချက်အရ–** |
| **ဒေါ်နီနီအောင်** | **ဒေါ်ငွေငွေရီ (တရားလွှတ်တော်ရှေ့နေ) စဉ်– ၆၅၃၅** |
| **၁၂/သဃက(နိုင်)၁၂၅၀၈၂** | **H.GP, LL.B, D.L 101 WIPO(Switzerland), B.D.S(MOFA)** |
| | **တိုက်(၂)၊ အခန်း(၀၀၁)၊ နှင်းဆီကုန်းအဆင့်မြင့် အိမ်ရာ၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း–၀၉– ၅၀၈၉၂၃၉** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃၊ လူနေရပ်ကွက်အမှတ်– အမှတ်(၂) စက်မှုဇုန်၊ မြေကွက်အမှတ် (၁၁၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၃) ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၁၁၄၂)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဦးတင်ဦး ၁၄/မအပ(နိုင်) ၁၆၀၉၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၀၉–၂၅၄၁၁၇၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/46883 Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသန်းနွယ် ၉/ခမစ(နိုင်)၀၆၂၈၆၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/7689 CHINDWIN Group L/T (CDC) Pickup (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၅/မရန(နိုင်)၁၇၈၂၅၁ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ )

## ကျောက်ဆည်ခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၆၅

**ကွယ်လွန်သူ ဦးသောင်းတင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသောင်းတင်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နွဲ့နွဲ့ကြူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် ( ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောင်းတင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင် ) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နွဲ့နွဲ့ဖြူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စိုးဝင်း)
ခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး

## "ငွေလရောင်"တိရစ္ဆာန်ဆေးကုခန်းနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၆)၊(၄)လမ်း ဘောလုံးကွင်းမြောက်ဘက်၌ ဖွင့်လှစ်ထားရှိသော "ငွေလရောင်" တိရစ္ဆာန်ဆေးကုခန်း၏ ပိုင်ရှင်ဖြစ်သူ Dr.ချမ်းမြေ့အောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ပခုက္ကူမြို့ရှိ "ငွေလရောင်"တိရစ္ဆာန်ဆေးကုခန်းသည် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည့် ၁၃–၁၀–၂၀၂၂ ခုနှစ် အချိန်မှစ၍ ယနေ့အချိန်ထိ တိချစ်သူများအဆင်ပြေစေရန်၊ အိမ်မွေးတိရစ္ဆာန်လေးများအား ရောဂါကင်းဝေးစေရန်နှင့် စနစ်တကျနေထိုင်စားသောက် အသက်ရှည်ကျန်းမာစေရန် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့် အတွေ့အကြုံရင့်ကျက်ပြီး ကျွမ်းကျင်မှုအပြည့်လိုင်စင်ရ ဆရာဝန်ကြီးများဖြင့်သာ စနစ်တကျကုသခွင့်ပေးပြီး အောင်မြင်မှုရရှိခဲ့သည့် ဆေးခန်းဖြစ်ပါသည်။

ထိုကဲ့သို့ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် အောင်မြင်မှုရရှိနေသည့် ပခုက္ကူမြို့ရှိ "ငွေလရောင်"တိရစ္ဆာန် ဆေးကုခန်း၏ အောင်မြင်မှုနှင့် အကျိုးစီးပွားထိခိုက်နစ်နာစေရန်ရည်ရွယ်၍သော်လည်းကောင်း၊ တိမွေးကု ဆရာဝန်ကြီးများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ စိတ်ပြိုငြင်၊ စိတ်နှောက်အယှက်ဖြစ်စေသည့် မမှန်မကန်အချက်အလက် သတင်းများကို လူ့ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ လူမှုဆက်သွယ်ရေး ကွန်ယက်တွင်ဖြစ်စေ၊ အသရေဖျက်စေသည့်စကားများ၊ စာသားများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်း၊ ပို့စ့်တင်ခြင်း၊ မဟုတ်မမှန်တဖက်သတ်အမြင်ဖြင့် စွပ်စွဲပြော ဆိုသည့် Comments များ ဝင်ရောက်ရေးသားခြင်းများကို လုံးဝ(လုံးဝ) မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ထားရှိပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် အထက်ပါကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်သူ၊ ပူးပေါင်းပါဝင်သူမည်သူကိုမဆိုတည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

"ငွေလရောင်"တိရစ္ဆာန်ဆေးကုခန်းပိုင်ရှင် Dr.ချမ်းမြေ့အောင်၏
လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တင်မိုးခိုင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ စဉ် –၁၈၂၀၀ ( ၁၆–၁၀–၂၀၂၃)
တိုင်းမွေးကုရုံးဝန်း၊ လမ်းငါးသွယ်၊ မကွေးမြို့၊
ဖုန်း–၀၉–၈၈၂၈၈၁၁၇၀

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေ-၁၁)

## မဟာအောင်မြေခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၆

ဒေါက်တာမြင့်မြင့်ခိုင် **နှင့်** ဦးထန်ချိန်ရှိ(ခ) ဦးမြင့်ဦး
**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၇လမ်း၊ ၁၁၆–၁၁၇လမ်းကြားရပ်နေ အရွယ်မရောက်သေးသူ မယွန်းဝတီလင်း၊ မောင်နေထွန်းဦးတို့နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၄)လမ်း၊(၂၈–၂၉)လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၉)၊ အိမ်အမှတ်(၁၄၆)နေ ဒေါက်တာမြင့်မြင့်ခိုင် ကအထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မယွန်းဝတီလင်း၊ မောင်နေထွန်းဦးတို့၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည် ။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁–၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၁၉၉)၊မြေဧရိယာ၀ ဒသမ ၁၈၄ဧကရှိမြေကွက်သည် မူလက ဦးအေးသိန်းအမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်အထိမြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ၁၄–၇–၂၀၂၅ရက်စွဲပါတရားရုံး၏ ဒီကရီအရဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် ရောင်းချခြင်းစာချုပ်မှတ်ပုံတင်အမှတ်(၂၅၅/၂၀၂၅)ဖြင့် ဦးအေးသိန်းထံမှဒေါ်နန်းစံဟောင်း အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဒေါ်နန်းစံဟောင်း ၁/မကန(နိုင်)၁၃၁၅၇၁ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## လူပျောက်ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ (၁၈)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုဇင်လင်းထွန်း ၅/မရန(နိုင်)၃၄၂၁၀၉၏ ဇနီးဖြစ်သူ မဖြူစင်သက်မွန် (ဘ)ဦးနိုင်ကိုကို ၅/မရန(နိုင်)၃၄၁၉၈၁ သည် ခင်ပွန်းဖြစ်သူနှင့် ၁–၉–၂၀၂၅ ရက်က စကားများရန်ဖြစ်၍ နေအိမ်ပေါ်မှ ဆင်းသွားသဖြင့် ခင်ပွန်းဖြစ်သူမှ လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရသောကြောင့် ဇနီးဖြစ်သူအား ခင်ပွန်း ကိုဇင်လင်းထွန်းမသိအောင် လက်ခံခေါ်ယူထားသော မည်သူမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ရှိပါက အကြောင်းကြားဆက်သွယ်ပေးပါရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
| ကိုဇင်လင်းထွန်း | ဒေါ်သူဇာလှဲ့ (LL.B, Advocate) |
| ၅/မရန (နိုင်) ၃၄၂၁၀၉ | တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၃၃၂) |
| (၁၈)လမ်း၊ ချမ်းမြဝတီ | အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့ |
| ရပ်ကွက်၊ မုံရွာမြို့၊ | ဖုန်း–၀၉–၇၈၀၆၅၆၅၆၂ |
| ဖုန်း–၀၉–၆၇၄၃၇၀၁၈၅ | |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ (၁၇)လမ်း၊ မြေကွက်အမှတ် (၁၁၁၂ $\frac{3}{2}$)ဟုခေါ်တွင်သော ပေ(၂၀x၆၀)အကျယ်ဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ဖခင်ဦးအောင်စိန်သည် ကွယ်လွန်သွားခဲ့ပါသည်။ ယင်းမြေကွက်ပေါ်တွင် ၃–၁–၂၀၁၅ ရက်စွဲပါ အကျိုးတူ(၅)ထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာနှစ်ဦးသဘောတူကတိစာချုပ်တို့ကို မိခင်ဒေါ်ခင်သန်းမှ စာချုပ်ချုပ်ဆိုခဲ့ပါသည်။ မိခင်ဒေါ်ခင်သန်းသည် ကွယ်လွန်သွားခဲ့ပါသည်။ ဖခင်ဦးအောင်စိန်နှင့် မိခင်ဒေါ်ခင်သန်းတို့မှ သားသမီး(၅)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်စိန်တစ်ဦးတည်းသာ သက်ရှိထင်ရှားရှိပါသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အဆိုပါမြေကွက်နှင့် တိုက်ခန်းများအား ကျွန်ုပ်၏မိတ်ဆွေက လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။ ယခုအခါကွယ်လွန်သူ ဖခင်ဦးအောင်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာအုပ်မူရင်းနှင့် ၃–၁–၂၀၁၅ ရက်စွဲပါ အကျိုးတူ(၅)ထပ်တိုက်သစ် ဆောက်လုပ်ရန်အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာနှစ်ဦးသဘောတူ ကတိစာချုပ်မူရင်းတို့သည် ပျောက်ဆုံးနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါစာချုပ်စာတမ်းမူရင်းများအား ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်စိန်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်သူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်စိန် ၁၂/ဥကတ(နိုင်)၀၆၂၀၃၈၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးညီညီသော်လင်း(LL.B,) အထက်တန်းရှေ့နေ(စဉ်–၅၁၈၄၂)**
ဖုန်း–၀၉ – ၇၉၃၈၃၉၈၅၇ ၊ ၀၉ – ၉၈၇၁၁၉၆၁၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၇၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၉၂)၊မြေဧရိယာ ၀ ဒသမ ၁၂၃ ဧကရှိမြေကွက်သည် မူလက ဦးလှအမည်ဖြင့် ၃၀–၆–၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူဦးလှ(ခ)အီဆွတ်မှာ ၁၂–၆–၁၉၉၄ ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူဒေါ်အာအေရှာမှာ ၁၈–၇–၂၀၀၆ ရက်တွင် လည်းကောင်းအသီးသီး ကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင်သားသမီးများဖြစ်ကြသည့် ဒေါ်ဖာတီမာ(ခ)ဒေါ်စံပယ်ဖြူ၊ ဦးတင်ရွှေ၊ ဦးတင်ငွေ၊ ဦးတင်မောင်၊ ဒေါ်ရဟီမာ၊ ဦးတင်အောင်၊ ဦးတင်မြင့်၊ ဒေါ်မိုးမိုးထွေး၊ ဒေါ်မိုးသီတာတို့(၉)ဦးထွန်းကားခဲ့ရာ ဒေါ်ရဟီမာမှာ(၂)နှစ်အရွယ်တွင်လည်းကောင်း၊ ဦးတင်မြင့်မှာ ၁၈–၈–၂၀၁၃ ရက်တွင်လည်းကောင်း၊ ဒေါ်မိုးမိုးထွေးမှာ ၂၀၁၅ခုနှစ်တွင် အိမ်ထောင်မရှိ အပျိုဘဝဖြင့်လည်းကောင်းအသီးသီးကွယ်လွန်သွားခဲ့ကြပြီး ဦးတင်ငွေမှာ နိုင်ငံခြားသို့အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဒေါ်ဖာတီမာ(ခ)ဒေါ်စံပယ်ဖြူ၊ ဦးတင်ရွှေ၊ ဦးတင်မောင်၊ ဦးတင်အောင်၊ ကွယ်လွန်သူ(ဦးတင်မြင့်)၏ဇနီး ဒေါ်ဂျာထွယ်ပန်စွန်၊ဒေါ်မိုးသီတာတို့(၆)ဦးမှ ၁၁–၇–၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၇၇/၂၀၂၅)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး၊ အမွေဆက်ခံပိုင်ဆိုင်သူ (၆)ဦးအနက် ဒေါ်ဖာတီမာ(ခ)ဒေါ်စံပယ်ဖြူ၊ ဦးတင်မောင်၊ ဦးတင်အောင်၊ ကွယ်လွန်သူ(ဦးတင်မြင့်)၏ဇနီး ဒေါ်ဂျာထွယ်ပန်စွန်၊ ဒေါ်မိုးသီတာတို့(၅)ဦးမှ ဦးတင်ရွှေထံသို့ (၁၆–၇–၂၀၂၅)ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၂၆၁/၂၀၂၅)ဖြင့် အိမ်ခြံမြေကွက်အား အပြီးအပိုင်စွန့်လွှတ်ခဲ့ကြပြီး စွန့်လွှတ်ခြင်းကိုလက်ခံရရှိသူ ဦးတင်ရွှေ ၁/မကန(နိုင်)၀၂၇၈၉၉ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄က်ဘဲ၊ မြေကွက်အမှတ်-၁၂၃၊ ဧရိယာ-၀.၄၄၄၆ဧကအကျယ်အဝန်းရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်-၂၄ ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသည့် အနောက်ဘက်ခြမ်း (ဘောက်ထော်ဘူတာရုံလမ်းနှင့် မြိုင်မာလာလမ်းထောင့်ဘက်ခြမ်း) ဘောက်ထော်ဘူတာရုံလမ်း မျက်နှာစာ-အလျား ၇၅ပေ၊ နောက်ပိတ် ၇၅ပေ၊ မြိုင်မာလာလမ်းမျက်နှာစာ-၁၂၉ပေ နှင့် ကျန်တစ်ဘက်မျဉ်းပြိုင်အနေအထား အရှိအတိုင်းခွဲစိတ်မည့် ခန့်မှန်းဧရိယာ-၉၆၇၅ စတုရန်းပေအကျယ်အဝန်းရှိမြေကွက်ကို တရားဝင်လက်ရှိ အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်စင်မြဦး(၁၂/ရကန(နိုင်)၀၅၃၃၇၄)၊ ဦးကျော်ချမ်းသာ (၁၂/ရကန(နိုင်)၀၀၂၁၁၈)၊ ဦးကျော်ဇေယျ (၁၂/ရကန(နိုင်)၀၅၃၁၄၁)၊ ဒေါ်စင်ဆွေမြင့် (၁၂/ရကန(နိုင်)၀၅၂၄၄၉)၊ ဒေါ်စင်စိုးမူ(၁၂/ရကန(နိုင်)၀၅၃၃၂၀)၊ ဦးကျော်ရန်နိုင်(၁၂/ရကန (နိုင်)၀၅၃၃၂၀)၊ ဦးကျော်သူရ(၁၂/ရကန(နိုင်)၀၅၁၄၇၉)၊ ဦးကျော်ချမ်းအေး(၁၂/ရကန(နိုင်)၀၅၀၄၆၀)နှင့် ဦးကျော်ဖြိုးအောင်(၁၂/ရကန(နိုင်)၀၀၂၈၉၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး: LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည့်စုရပ်ကွက်၊ ဘုရားလေး(၂)လမ်း၊ အမှတ်(၂၆၂)ဟု ခေါ်တွင်သော မြေကွက်အမှတ်(က/၂၆၂)၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်-ကြည့်စု၊ ဒေါပုံမြို့နယ်ရှိ မြေဧရိယာ-(အလျား ၂၅ပေxအနံ ၅၀)၊ ဒေါ်မြကျင်၊ ဦးသိန်းအေး အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်မှ ဒေါ်မြကျင်တရားဝင်ပိုင်ဆိုင်သော မြေဧရိယာ (အလျား ၁၂ $\frac{3}{2}$ ပေx အနံ ၅၀ပေ) မြေကွက်ကို ဒေါ်စိုးစိုးထွန်း ၁၂/မဂတ(နိုင်)၀၀၅၆၁၉က ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ယင်းမြေကွက်ပေါ်တွင် ဒုတိယဆလပ်ထိ ကွန်ကရစ်လောင်းထား၍ လေးဘက်လေးနံ အုတ်ကာရံထားသည့်အဆောက်အအုံ(၁)လုံး၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ရောင်းချပိုင်ခွင့်ရှိ၍ အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာသွယ် (ဘ)ဦးအေးဟန် ၁၂/ဒပန(နိုင်) ၁၄၈၇၅၀က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သောင်း (LL,B)တရားလွှတ်တော်ရှေ့နေ (စဉ်–၉၂၇၉)**
**သဃ်န်းကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝန်းအတွင်း၊ ဖုန်း–၀၉–၄၃၁၃၈၅၆၄**

## ပတ်စပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၃)နေ (ဘ) ဦးလုံးပေါက်၏သား မောင်ဝင်းတင် ၁၃/လရန(နိုင်)၂၅၈၀၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–454503)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း–၀၉ –၆၇၆၉၆၉၂၉၇

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်(၁၄/ခ၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်(၁၁–ကင)၊ မြေဧရိယာ ၀ ဒသမ ၁၆၂ ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးလင်းထူး ၉/မနမ(နိုင်) ၁၁၀၅၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ S.I.R. ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade–12 မှ မောင်ယောရှာဖ၏ ဖခင်အမည်မှန်မှာ ဦးကျကော ၁၃/ပယန(နိုင်)၀၀၇၅၁၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ညောင်ရွှေမြို့၊ အထက အင်းပေါခုံ၊ Grade–12(B) မှ မထက်စုအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကီး ၁၃/ညရန(နိုင်)၀၂၅၉၅၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးနဲမြို့၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ လွိုင်အိုင်မှ ဒုတိယမူလတန်းဆရာမ ဒေါ်သီသီဦး၏ ဖခင် ဦးဝင်းမြိုင်နှင့် ဦးသိန်းမောင် ၁၃/ရင်န(နိုင်)၀၁၀၀၇၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ ထက်ခေါင်းရွာနေ ဦးထွန်းသိန်း၏သားမောင်ဇင်မင်းထက် ၅/ဒပယ(နိုင်)၁၄၇၆၈၈ ၏ နိုင်ငံကူးလက်မှတ်(MI–172200)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၇၁၈၈၁၅၀

## ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက (စက်မှုဇုန်)၊ Grade–6(A) မှ မောင်ဝေယံထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၈/ပမန(နိုင်) ၀၁၂၄၁၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ)ဦးကျော်သိန်းနိုင်၏ သမီး၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အောင်ပန်းနယ်လ်ဆင်ကိုယ်ပိုင်ကျောင်း၊ Grade–5 မှ မကြယ်စင်မိုးမိုးမြင့်အား ယနေ့မှစ၍ မဆုယွန်းဝတီနိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/76627 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းကျော် ၈/ပခက(နိုင်)၁၆၃၂၁၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10W/84905 Hensim 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းကျော် ၈/ပခက(နိုင်)၁၆၃၂၁၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ပင်လောင်းမြို့၊ ရုံးဝင်းရပ်ကွက်နေ (ဘ) ဦးလှအောင်၊ အမိ ဒေါ်မွှေးမွှေးတို့၏သား မောင်အောင်မင်းကျော် ၁၃/ပလန(နိုင်)၁၁၁၀၂၄ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းမောင်အောင်မင်းကျော်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဦးလှအောင်**
**၉/မထလ(နိုင်) ၁၄၉၀၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်-မကွေးမြို့
## မကွေးတက္ကသိုလ်(၂၅)ကြိမ်မြောက်
## "ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း"

မကွေးတက္ကသိုလ် (နေ့သင်တန်း) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ စီးပွားရေးဥပဒေဒီပလိုမာ နှင့် (အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်အတွက် ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် **မကွေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၇-၉-၂၀၂၅ ရက်မှ ၁၀-၁၀-၂၀၂၅ရက်ထိ

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့်ဘွဲ့ နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။
၂။ လွန်ခဲ့သည့်(၃)လအတွင်းရိုက်ကူးထားသော (၂" x ၁ ၁/၂") ဓာတ်ပုံ(၃)ပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံစနစ်တကျ ဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာလျှောက်ထားရပါမည်။
၃။ သတ်မှတ်ဘွဲ့ ကြေးများကို မကွေးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
၄။ ဥပဒေပညာအထူးပြု နှင့် ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့် (ဘွဲ့ )စာမေးပွဲများကို အောင်မြင်ခဲ့ကြ သူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်မျိုးလုံးပါရှိရမည်ဖြစ်ပြီး၊ ကျန်အထူးပြုဘာသာရပ်များမှ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။
၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး၊ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။
၆။ ယခင်ပညာသင်နှစ်များမှ နှစ်ချို့ဘွဲ့ရကျောင်းသား၊ကျောင်းသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်သည်။
၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၉-၄၅၀၀၃၆၇၈၆ သို့စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မကွေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-A)၊ အဝေရာလမ်း၊ မြေကွက်အမှတ်(၁၉၇/က)၊(၂၀ပေx၆၀ပေ)အကျယ်အဝန်း၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧကရှိ ဒေါ်နွယ်နွယ်စိုး ၁၂/မဂဒ (နိုင်) ၀၅၀၂၃၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်ကျင် ၁၂/မဂတ(နိုင်)၀၄၁၆၀၉ မှ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊ ၀၉-၆၉၁၈၀၀၁၅၂၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၉)၊ မြေကွက်အမှတ်-(၉၃၃)၊ ဦးဝေယံထက်ပါ-၃အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အကျယ်အဝန်း-(၂၀ပေ-၆၀ပေ)အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဝေယံထက်ပါ-၃ (၁၂/ ဒဂရ(နိုင်)၀၀၈၃၄၂)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)** — **လွှဲအပ်ညွှန်ကြားချက်အရ**
**အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊** — **ဦးတင်ထူးလှိုင်**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** — **အထက်တန်းရှေ့နေ**
**ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇** — **စဉ်- ၂၄၂၉၂**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(ရပ/၄၄၇)နေ ဒေါ်နန်းဆောင်ဖောင်း ၁၀/မဒန(နိုင်)၀၀၂၈၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အေးသာယာမြို့သစ်၊ အကွက်ကြီး(၄၈)၊ အမှတ်(၁၄၈)၊ မြေတိုင်းအခေါ် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၄၈/စာတိုက်၊ ဦးပိုင်အမှတ်-၁၄၈၊ ဧရိယာ ၀ ဒသမ ၁၄၀ ဧကရှိ ဦးညီတင်(DZ-၀၁၅၂၄၉)(ဘ)ဦးလှခိုင် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန် အမှုတွဲအမှတ်(၂၃၇-၁၉၉၅)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၁၀-၇-၂၀၁၈ ရက်တွင် နှစ်ဦးသဘောတူ အိမ်/ခြံ/ မြေ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဒေါ်နန်းဆောင်ဖောင်းက ဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နန်းဆောင်ဖောင်း အမည်ပေါက် အမည်ပြောင်း မြေငှားဂရန် ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာပါသည့် ရက်မှစ၍ (၁၀)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက် ချုပ်ဆိုပေးပါရန် ဦးညီတင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ကာလအတွင်း လာရောက်ချုပ်ဆို ပေးခဲ့ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မြနန္ဒာကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၀၄)**
**အမှတ် (၂၁၃)၊ သဇင်(၃)လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း - ၀၉-၄၂၈၃၄၇၇၀၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးမြို့နယ်၊ အထက(ခွဲ)၊ တက်မတွင်တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်ခင်စု ၉/ညဥန(နိုင်)၀၅၈၂၅၃ ၏ ဖခင်အမည်မှာ ဦးထွန်းငြိမ်း(ခ)ဦးထွန်းညိမ် ၉/ညဥန(နိုင်)၀၅၈၂၅၅ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းငြိမ်း (ခ) ဦးထွန်းညိမ်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချိုချိုပြုံး ၉/တသန (နိုင်)၂၀၇၄၆၈၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၇၀၃၀၀၆**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ သွေးနက်ကျေးရွာအုပ်စု၊ သွေးနက်ရွာသစ်ကျေးရွာနေ အထက (သွေးနက်) ကျောင်းမှ Grade-12 ကျောင်းသူ မမိုးသူဇာနှင့် Grade-7 ကျောင်းသူ မခိုင်ခိုင်လွင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဌေး ၈/ခမန(နိုင်) ၁၅၂၈၀၇ဖြစ်ပါကြောင်း။

**ဦးတင်ဌေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အထက ချောင်းကောက် Grade (12) STEAMS-2 မှ မောင်ထက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၈/ဆပဝ(နိုင်)၀၅၄၁၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်(၁၄/ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၁၁-ကခ+၁၁-ကဃ)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ပေါင်း၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းနွယ် ၉/မရမ(နိုင်)၀၀၇၃၄၉ မှဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/၁၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်မူမူသန်း ၉/မမန(နိုင်)၀၂၇၉၁၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(-/ဇီးခြံ)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (သုခဝတီလမ်း(၁၄၀၊ ၁၄၁)၊ ၃၁-လမ်း(၁၄၂၊ ၁၄၄) ဧရိယာ ၀ ဒသမ ၅၂၀ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၅၅၈V ၁၉၉၅-၁၉၉၆ အရ ဒေါ်နီနီ အမည်ဖြင့် ၂၈-၃-၁၉၉၆ မှ ၂၇-၃-၂၀၂၆ အထိ နှစ်(၃၀)ရရှိခဲ့သော မြေငှားစာချုပ်အား ဦးကိုကိုလှိုင်၊ ဒေါ်မာလာချို့ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၈-၉-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၅၉၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၄-လမ်း-(၈၁))၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၁၅၉V ၂၀၁၄-၂၀၁၅ အရ ဦးကျော်ငြိမ်းလင်း အမည်သို့ ၁-၈-၂၀၁၄ ရက်မှစ၍ မူလမြေငှားစာချုပ် သက်တမ်း ၂၃-၃-၁၉၉၅ မှ ၂၂-၃-၂၀၂၅ အထိ အမည်ပြောင်းခွင့်ပြုချထားပေးခဲ့သော မြေငှားစာချုပ်အား ဒေါ်စန္ဒာအေးအမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၈-၉-၂၀၂၅ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မုံရွာမြို့၊ ပါရမီပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ မောင်ခန့်ကိုကိုခန့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်းဦး ၅/ဆလက(နိုင်)၀၆၃၅၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့၊ အထက ကျောင်း၊ Grade-12 မှ မောင်အောင်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးကိုလတ် ၁၄/အမတ(နိုင်)၀၂၃၃၇၉ ဖြစ်ပါကြောင်း။

**ဦးကိုလတ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၆

ဦးဇော်ချီကွမ်း — နှင့် — ဦးအေးလွင်
**တရားလို** — **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊အိမ်အမှတ်(၄၇)၊ ၅၇လမ်း၊ ၁၁၂x ၁၁၃ လမ်းကြား၊ ကံသာယာရပ်ကွက်နေ ဦးအေးလွင်(ဘ)ဦးမြဟန် (ယခု နေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇော်ချီကွမ်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖ-၁၉)၊ ဦးပိုင်အမှတ် (၁၄၉/ခ)၊ ဧရိယာ ၀ ဒသမ ၀၁၄ က အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသိဂီအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လျှာဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ အောက်ဖော်ပြပါ ပြင်ဆင်ခြင်းလုပ်ငန်း ၅ ခုတို့အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(၁) မဟာဘွဲ့နှင်းသဘင်ခန်းမ
(၂) ပိဋကတ်တိုက်သိမ်တော်ကြီး
(၃) သံဃာတော်သီတင်းသုံးဆောင် ၂၀ ဆောင်
(၄) ရေသန့်စက်၊ ရေစင်၊ ရေတိုင်ကီဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ
(၅) အုတ်တံတိုင်း

| | |
|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၁၅-၉-၂၀၂၅ရက်၊ (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း |
| **တင်ဒါပိတ်မည့်ရက်** | - ၂၈-၉-၂၀၂၅ ရက်၊ (တနင်္ဂနွေနေ့) |
| တင်ဒါဖွင့်မည့်ရက် | - ၂-၁၀-၂၀၂၅ ရက်(ကြာသပတေးနေ့) (၀၉:၀၀ နာရီ) |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်း/ဖွင့်လှစ်မည့် နေရာ** | - နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)၊ ၆၂ လမ်း၊ ၁၂ လမ်းနှင့် ၁၄ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၂၅၄၁၅၈၈၁၃ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂ )
## မင်းဘူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ ဇာရီမှုအမှတ်-၃၂
## ၂၀၂၄ ခုနှစ်၊ မူလတရားမကြီးမှုအမှတ်-၁၉

ဒေါ်သော်သော်နိုင်လင်း — နှင့် — ဦးအောင်ပြည့်သူကို
**တရားနိုင်** — **တရားရှုံး**

တရားရှုံး ဦးအောင်ပြည့်သူကို(ဘ)ဦးချိုလင်းဦး၊ မြေမိကုန်းရပ်ကွက်၊ စလင်းမြို့ သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက် မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သန်းနိုင်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မင်းဘူးခရိုင်တရားရုံး**

## အမည်မှန်

ရမည်းသင်းမြို့နယ်၊ အင်းပေါင်အုပ်စု၊ အင်းပေါင်မြောက်ရွာနေ (ဘ) ဦးသန်းဝင်း ၉/တသန(နိုင်)၁၆၃၈၄၈ ၏ သမီးများဖြစ်သော (အလက) အင်းပေါင်ကျောင်းမှ မမြနန်းဆက်(G-2)၏အမည်မှန်မှာ မမြတ်ကေခိုင်နှင့် မမြနန်းထက်(K.G)၏အမည်မှန်မှာ မမြင့်မြတ်ခိုင်ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၇၃၁၂, Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလုံတစ် ၁၃/ကတန(နိုင်)၁၃၁၈၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/6845, Luojia110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇင်ထွန်း ၉/မထလ(နိုင်)၁၆၁၄၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/45349, Suzuki Revo 110, M/C ယာဉ်လက်ဝယ် ရှိသူ ဦးနေမျိုးအောင် ၇/ပခန(နိုင်)၃၃၅၆၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/63708, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ဦး ၇/ဇကန(နိုင်)၀၃၈၆၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

❖ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ...

❖ ထို့ကြောင့် ဒေသရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်၍ ၎င်းတို့ ရောက်ရှိခိုအောင်းရာ နေရာများနှင့် အနီးဝန်းကျင်တွင် လက်နက်ဖြင့်ခြိမ်းခြောက် အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့နှင့်အလိုမတူသူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလျော့နည်းပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုတို့ ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့၊ ညမပြတ်

စာမျက်နှာ ၂၂ ကော်လံ ၁ ❍



အကြမ်းဖက်သမားများ သို့ဝှက်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်ဖမ်းဆီးနိုင်မှု မှတ်တမ်းဓာတ်ပုံ။

## လေဖိအားနည်းရပ်ဝန်း ဩရိဿပြည်နယ် တောင်ပိုင်းသို့ ရောက်ရှိခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

## ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Kyaung Sayar Thar Htwe အသင်း ချန်ပီယံဆုဆွတ်ခူး




ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့သော Kyaung Sayar Thar Htwe အသင်း အောင်ပွဲခံစဉ်။

ရန်ကုန် စက်တင်ဘာ ၁၄

FIFA-MFF ယူ-၁၆ လူငယ် ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၂၂)ကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ Kyaung Sayar Thar Htwe အသင်း နိုင်ပွဲထပ်မံရယူပြီး ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုရရှိခဲ့သည်။

ပွဲစဉ်(၂၂)တွင် FFU မင်းမဟော်အသင်းက TKA Star အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Avengers Junior အသင်းက Jullniss အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Golden Boys အသင်းက မလိခအသင်းကို

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## မြန်မာ့လက်ရွေးစင်အသင်း ယခုနှစ်အတွင်း အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုသုံးပွဲ ထပ်မံကစားရမည်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ခြေစစ်ပွဲ အုပ်စုသုံးပွဲ ထပ်မံကစားရမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် ရလဒ်ကောင်းနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်အတွက် အောက်တိုဘာတွင် ကစားရမည့် ဆီးရီးယားအသင်းနှင့် နှစ်ကျော့မှာ အရေးပါလျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ◆

ယနေ့ ဖတ်စရာ

မော်လ်ဒိုက် ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာရေး ကူညီပံ့ပိုးမှုအဖြစ် အမေရိကန်ဒေါ်လာ ၆၉ သန်းကျော် ရရှိ နိုင်ငံတကာသတင်း စာ ၁၄

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ် ပြည်တွင်းသတင်း စာ ၁၅